ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (28-6-2007) (၅၃၆၂)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စရာဒီကာကုမာရဆွာမိနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့်အတူ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr. Charles James Petrie နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈-၆-၂၀၀၇
(ကြာသပတေးနေ့)

မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းတိုက်ဖျက် တိုင်းရင်းသားပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားကို ဇွန် ၂၆ ရက်နေ့က လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းညို၊ စိတ်ကြွရူးသွပ်ဆေးပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့်၊ အက်ဖီဒရင်း၊ ဓာတုဆေးရည်၊ ဆေးမှုန့်နှင့် ဘိန်းမျိုးစေ့များကို မီးရှို့ဖျက်ဆီးခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၇၂ သန်းကျော်ရှိသည်။

ဇွန်လ ၂၆ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ရာ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အဆိုပါ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ၍ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေး လှုပ်ရှားမှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စီမံကိန်းကာလ သတ်မှတ်၍ ဖော်ဆောင်လျက်ရှိသည်။

ထို့အပြင် တောင်သူများ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ပန်းတိုင်သစ်စီမံကိန်းကိုလည်း အကောင်အထည် ဖော်လျက်ရှိသည်။ ယခုအခါ ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးခြင်း၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းတို့ကြောင့် နယ်စပ်ဒေသများတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာမှုနှင့်အတူ ဘိန်းစိုက်ပျိုးမှုပါ သိသိသာသာ လျော့ကျသွားပြီဖြစ်သည်။

တစ်ဖက်မှလည်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲများ ကျင်းပခဲ့ရာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ရန်ကုန်မြို့တွင် အကြိမ် ၂၀၊ နယ်စပ်ဒေသများနှင့် အခြားမြို့များ၌ ၄၂ ကြိမ် ရှိခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိရာ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးများ စုံစမ်းဖော်ထုတ် တားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမျိုးသားရေး တာဝန်အဖြစ် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ကြိုးပမ်းကြခြင်းဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေး လုပ်ငန်းများကို အောင်မြင်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသားများက အလှူငွေကျပ်ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်တေဇိန္ဒ (M.A)မဂ္ဓာစရိယ(ဗုဒ္ဓဂယာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့တော်လှန်ရေးပါတီ လူထုအဖွဲ့အစည်းများရေးရာဦးစီးဌာန ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် ခေါင်းဆောင်သောအဖွဲ့တွေ့ဆုံ

ရန်ကုန် ဇွန် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့တော်လှန်ရေးပါတီ လူထုအဖွဲ့အစည်းများရေးရာ ဦးစီးဌာန၊ ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Boun Nhang Xaysanavong ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြည်သူ့တော်လှန်ရေးပါတီ လူထုအဖွဲ့အစည်းများရေးရာဦးစီးဌာန ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Boun Nhang Xaysanavong **နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

ယင်းသို့တွေ့ဆုံရာတွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးအောင်သိန်းလင်းနှင့် ဦးမောင်ပါ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Kouily A.Souphakhet တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အသင်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအကြောင်း၊ အသင်းကြီးနှင့် ပြည်သူလူထုလက်တွဲပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရှေ့လုပ်ငန်းစဉ်များ အကြောင်းနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ အခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့တော်လှန်ရေးပါတီ၊ လူထုအဖွဲ့အစည်းများရေးရာ ဦးစီးဌာန ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Boun Nhang Xaysanavong က လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ၏ ပြည်ပဆက်ဆံရေး ကော်မတီနှင့် လာအို-မြန်မာ ချစ်ကြည်ရေး အသင်းတို့ကလည်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း၊ လာအို-မြန်မာ ချစ်ကြည်ရေး တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လွှမ်ပရာဘွန်ပြည်နယ်မှ ကိုယ်စားလှယ်များလည်း ကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါလာကြကြောင်း၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေးလုပ်ငန်းများ တိုးမြှင့်ရန် လေ့လာရေး၊ အချက်အလက် စုဆောင်းရေးတို့ကို ဆောင်ရွက်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့တို့သည် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရ စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

စာအုပ်ဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၇

စာကြည့်တိုက်များ၊ စာအုပ်ဆိုင်များ၊ စာပေမြတ်နိုးသူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သည့် ဘာသာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ အတွေးအခေါ်၊ စီးပွားရေး၊ အင်ဂျင်နီယာ၊ ဆေး၊ ဥပဒေစသည့် ပညာရပ်ဆိုင်ရာ သုတ၊ ရသ ရှားပါး စာအုပ်မျိုးစုံကို ဈေးပွဲတော်ရက်များအတွင်း ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ဓိဇဝါစာအုပ်တိုက်၊ အမှတ်(၂၅) နံ့သာလမ်း အလုံမြို့နယ် ခန်းမအနီး ရန်ကုန်မြို့၌ ဇူလိုင် ၁ ရက် မှ ၁၅ ရက်အထိ ခင်းကျင်းရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များအတွက် ခေတ်ဟောင်း၊ ခေတ်သစ်၊ သုတ၊ ရသ၊ ပညာပေးစာအုပ်မျိုးစုံကို တစ်အုပ်လျှင် ကျပ်၂၅၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ စိတ်ဝင်စားသူများ ဖုန်း-၀၁-၂၂၁၁၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ အင္ဂမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၇

မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ အင္ဂမ အကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပရေး အစည်းအဝေးကို ဇွန်၂၃ရက် မွန်းလွဲ ၂ နာရီတွင် အထက(၁) ကျောင်းဝင်းအတွင်းရှိ အသင်းရုံးခန်း၌ ကျင်းပရာ သဘာပတိ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းသားဟောင်းများဖြစ်ကြသည့် ဦးအေးကို၊ ဦးစိုးသန်း၊ ဦးကျော်ဆန်းထွန်းနှင့် ဦးချစ်အောင်တို့က အကြံပြုဆွေးနွေးကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အင္ဂမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက်(ဝါဆိုလဆန်း ၁ ရက်) (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပ ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း၌ ကျင်းပမည်ဖြစ်ပြီး ကျောင်းသားဟောင်း၊ ဆရာတော်၊သံဃာတော် ၅၄ ပါးအား လှူဒါန်းရန်အတွက် မြတ်မင်္ဂလာကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဘာသ ဖုန်း-၆၉၀၄၉၉၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၀၉-၅၁-၉၇၇၇၇၊ ၀၁-၂၅၂၇၇၇၊ ဦးချိုအေး၊ ဦးအေးကို ဖုန်း-၆၉၉၅၁၈၊ ၆၉၉၅၁၁၊ ဦးစိုးသန်း ဖုန်း-၅၅၉၀၇၄၊ ဦးကျော်ဆန်းထွန်း ဖုန်း-၀၉-၅၁-၀၃၀၀၈ နှင့် ဦးဆုတင်၊ ဦးစိန်ဝင်း(မြို့နယ်ပညာရေးမှူး) ဖုန်း-၆၉၉၄၈၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးမှ နိုင်ငံတည်ဆောက်ရေးသို့

သီတာစိုး (စီးပွားရေးတက္ကသိုလ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များအနက် နိုင်ငံတော်တည်ဆောက်ရာတွင် **"အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးပြီး အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး တို့တွင် ဖွံ့ဖြိုးတိုးတက်စေရန်"**ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၇ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးက ချမှတ်ခဲ့သော ဦးတည်ချက် (၉)ရပ်အနက် **"အမျိုးသမီးများဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ရေး"**ဟူ၍လည်းကောင်း ပါဝင်ပေသည်။

မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားဥပဒေရေး များတွင် ပါဝင်ထမ်းဆောင်ခဲ့ကြသကဲ့သို့ စာပေ၊ ကဗျာ၊ ဂီတနှင့် အနုပညာရပ်များတွင်လည်း စွမ်းစွမ်းတမံ ရေးဖွဲ့သီဆိုကပြနိုင်ခဲ့ကြသည်။ ထူးချွန်ထက်မြက် ထင်ရှားကျော်ကြားသော မြန်မာအမျိုးသမီး များစွာကို သမိုင်းအဆက်ဆက်တွင် မွေးဖွားဖြစ်တည် ရှင်သန်စေခဲ့သည်။ နိုင်ငံလွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြသော အာဇာနည်အမျိုးသမီးများလည်း ရှိခဲ့သည်။ ဗြိတိသျှနယ်ချဲ့အရေးပိုင်ကို ပါးရိုက်ခဲ့သော အမျိုးသမီး သခင်မများလည်း ရှိခဲ့သည်။ ပုခက်လွှဲသောလက်ဖြင့် နိုင်ငံလွတ်လပ်ရေးအတွက် နယ်ချဲ့ကို လက်နက်စွဲကိုင် ဆန့်ကျင်တော်လှန်ခဲ့သည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားရေးသမိုင်းတွင် မြန်မာအမျိုးသမီးများသည် နိုင်ငံတည်ဆောက်ရေးတွင်လည်း ပါဝင်ခဲ့ကြသည်။ နိုင်ငံကာကွယ်ရေးတွင်လည်း ပါဝင်ခဲ့ကြသည်။ နိုင်ငံတော် ပျက်စီးရေးနှင့် နယ်ချဲ့သြဇာခံ ကျွန်နိုင်ငံဖြစ်ရေးကို မြန်မာအမျိုးသမီးများက စက်ဆုပ်ရွံရှာစွာ ဆန့်ကျင်ခဲ့ကြသည်။

ထို့ကြောင့်ပင် **မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးကောင်းသမီးများဖြစ်ကြသည့် အမျိုးသမီးကောင်းတို့၏ အမျိုးသားရေးကျင့်ဝတ်အမွေကို ဆက်ခံကျင့်သုံးပြီး နိုင်ငံကို တည်ဆောက်သူများ၊ နိုင်ငံကို ကာကွယ်စောင့်ရှောက်သူများအဖြစ် မြန်မာအမျိုးသမီးများ သမိုင်းတွင် အထင်အရှား ဖြစ်တည်ရှင်သန်စေရန် အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။**

ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်းအဖွဲ့ခွဲများအဖြစ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ၊ အမျိုးသမီးငယ်၊ ရွယ်လုပ်ငန်းအဖွဲ့ခွဲတို့ကို တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံ၊ ထောင့်စုံတို့မှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှာ အခြားသော နိုင်ငံများနှင့်နှိုင်းယှဉ်ပါက လွန်စွာနည်းပါးသည်။ အချို့သော၊ ဖွံ့ဖြိုးတိုးတက်နေသော ဒီမိုကရေစီ နိုင်ငံကြီးများသည် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးကို အကြောင်းပြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးတွင် စွက်ဖက်ဖိအားပေး ကျူးကျော် နေကြသော်လည်း ယင်းဒီမိုကရေစီနိုင်ငံကြီး အချို့၏ ရာဇဝတ်မှုဆိုင်ရာ အစီရင်ခံစာများတွင် နေ့စဉ်နှင့်အမျှ ကျူးလွန်နေသည့် အမျိုးသမီးများအား အကြမ်းဖက်အဓမ္မကျင့်မှုတို့ကို တွေ့ရှိနေရသည်။ အခြားနိုင်ငံများတွင် သွားရောက်အခြေချထားသည့် ယင်းတို့၏ စစ်အခြေခံစခန်းများရှိစစ်သားများက အိမ်ရှင်နိုင်ငံမှ အမျိုးသမီး ငယ်များကို အဓမ္မပြုကျင့်နေသည်မှာလည်း ဒီမိုကရေစီနိုင်ငံကြီးအချို့၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဟာသပြက်လုံးပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများအား ရုပ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုသည် အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ပြောပလောက်အောင် မရှိပေ။ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည်လည်း မြန်မာနိုင်ငံတွင် အနည်းငယ်မျှသာရှိသည်ဟု ဆိုနိုင်ပါသည်။ ယင်းစိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ မိသားစုအတွင်း ဖြစ်ပွားတတ်သော ဇနီး၊ ခင်ပွန်းအကြား အခင်းဖြစ်ပွားမှုပင်ဖြစ်သည်။ ယင်းပြဿနာအား ဖြေရှင်းရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ တစ်လင်တစ်မယား အိမ်ထောင်ရေးစနစ်ပေါ်တွင် အခြေခံပြီး ညှိနှိုင်းဖြေရှင်းပေးခြင်း၊ နှစ်သိမ့်အားပေးခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းတို့ကို ဆောင်ရွက်ဖြေရှင်းလျက်ရှိသည်။ ယင်းလုပ်ငန်းသည် မြန်မာအမျိုးသမီးများ၏ အားထားမှီခိုရာ၊ လေးစားယုံကြည်ရာ လုပ်ငန်းအဖြစ် အောင်မြင်လျက်ရှိသည်။ **အချို့သော ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံကြီးများတွင် လက်မထပ်ဘဲ အတူနေသော ယဉ်ကျေးမှုနှင့် တစ်အိမ်ထောင်က တစ်အိမ်ထောင်ပြောင်းလွယ်၊ ပျက်လွယ် မတည်ငြိမ်သော အိမ်ထောင်ရေးတို့ကို အစဉ်အလာ ဓလေ့စရိုက်တစ်ခုအဖြစ် လက်ခံကျင့်သုံးနေသဖြင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ယင်းနိုင်ငံကြီးများရှိ အမျိုးသမီးများ ရင်ဆိုင်တွေ့ကြုံခံစားနေရသည်။"ဤသည်မှာ ဒီမိုကရေစီနိုင်ငံကြီး၏ ဒီမိုကရေစီ အိမ်ထောင်ရေးယဉ်ကျေးမှုနှင့် လူ့အခွင့်အရေး စံနှုန်းပင်ဖြစ်သည်။"**

အခြားသော ပြဿနာတစ်ရပ်မှာ မျက်မှောက်နိုင်ငံတကာနယ်ပယ်တွင် ကူးစက်ပျံ့နှံ့လာသော လူကုန်ကူးမှုပြဿနာပင်ဖြစ်သည်။ ယင်းပြဿနာသည် ပြည်တွင်းသာမက နိုင်ငံဖြတ်ကျော် ကျူးလွန်လာမှုအထိ ကျယ်ပြန့်စွာ ဖြစ်ပွားလျက်ရှိသည်။ ဤတွင် **မြန်မာနိုင်ငံအနေဖြင့် မြန်မာအမျိုးကောင်း သမီးလေးများအား အမျိုးသမီးကောင်းဘဝကို အညွန့်မကျိုး၊ မပျက်စီးစေရေး၊ လူကုန်ကူးမှုအန္တရာယ်မဖြစ်ပွားစေရေး အတွက် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ တရားရေးဆိုင်ရာများနှင့် ပူးပေါင်းဆက်စပ် ညှိနှိုင်းဆောင်ရွက် ဖြေရှင်းပေးလျက်ရှိသည်။ အခြားတစ်ဖက်မှလည်း လူကုန်ကူးမှုအန္တရာယ်စက်ကွင်းသို့ ကျရောက်ခဲ့ရသည့် အမျိုးသမီးများအား လူမှုပတ်ဝန်းကျင် အဝန်းအဝိုင်းတွင် ပုံမှန်နေထိုင် ဆက်ဆံဝင်ဆံ့ပေါင်းစည်းရေးအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့ကို ပြန်လည်ပြုစုကုသ ပျိုးထောင်၍ ယင်းတို့၏ဘဝ တည်ငြိမ်ဖွံ့ဖြိုးသာယာရေးလုပ်ငန်းများကိုလည်း စည်းရုံးရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။**

လူကုန်ကူးမှုအန္တရာယ်နှင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကျိုးဆက် ဆိုးမွေများကို အမျိုးသမီးများ နားလည်သဘောပေါက် လက်ခံရေးအတွက် ပညာပေးဆွေးနွေးပွဲများကို လည်းကောင်း၊ စကားဝိုင်းဆွေးနွေးပွဲများကို လည်းကောင်း ပြည်နယ်နှင့်တိုင်းအနှံ့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာများအထိ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များ၊ လုပ်ငန်းဌာနခွဲခေါင်းဆောင်များ ကိုယ်တိုင်ကွင်းဆင်းစည်းရုံး ဆွေးနွေးပြီး ပညာပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာကျောင်းများ၊ စက်ရုံ အလုပ်ရုံများ၊ ဌာနဆိုင်ရာသင်တန်းများ၊ ဝန်ကြီးဌာနများတွင်လည်းသွားရောက်ပြီး ပညာပေးဆွေးနွေးလျက် ရှိသည်။

ယင်းအပြင် **အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အမျိုးသမီးငယ်၊ ရွယ်တို့၏ အခန်းကဏ္ဍသည် အထူးပင် အရေးကြီးလှသည်။ အမျိုးသမီးငယ်များသည် အနာဂတ်၏ လူ့အရင်း အမြစ်စွမ်းအားစုများဖြစ်သည်။ ယင်းအမျိုးသမီး ငယ်၊ ရွယ်တို့အား မှန်ကန်သော အသိအမြင်၊ အတွေးအခေါ်များကို နားလည်လက်ခံ ကျင့်သုံးနိုင်ရေးအတွက် ပညာပေးဟောပြောမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ တစ်ဆက်တည်းမှာပင် ကျောင်းနေအရွယ်တွင် ပညာသင်ကြားနိုင်ခြင်းမရှိသောအမျိုးသမီးငယ်၊ ရွယ်များအား ပြည်နယ်နှင့် တိုင်းများတွင် စေတနာ ညကျောင်းများ ဖွင့်လှစ်ပေးပြီး ပညာသင်ကြားခွင့်ရရှိရန် ဆောင်ရွက်လျက်ရှိသည်။**

ယင်းအမျိုးသမီးရေးရာ စေတနာညကျောင်းများအနက် မန္တလေးတိုင်း အမျိုးသမီးရေးရာ စေတနာညကျောင်းမှ ပညာသင်ကြားရေး အောင်မြင်မှုကို အထောက်အထားအဖြစ် ရည်ညွှန်းကိုးကား တင်ပြလိုပါသည်။ မန္တလေးတိုင်း ပြည်ကြီးတံခွန် အမျိုးသမီးရေးရာ စေတနာညကျောင်းကို ၁၉၉၈-၁၉၉၉ ခုနှစ်မှ စတင်ဖွင့်လှစ်ပြီး မူလတန်းမှ အခြေခံပညာအထက်တန်းအထိ ပညာသင်ကြားပေးခဲ့ရာ ၁၉၉၉ ခုနှစ်မှ ၂၀၀၆ ခုနှစ် ပညာသင်နှစ်အထိ နှစ်အလိုက် အောင်ချက်ရာခိုင်နှုန်းကို အောက်ဖော်ပြပါဇယားအရ လေ့လာသိရှိနိုင်မည်ဖြစ်သည်-

စဉ်	ပညာသင်နှစ်	မူလတန်း	အလယ်တန်း	အထက်တန်း	ပေါင်း
၁	၁၉၉၈-၁၉၉၉	၅၆	၂၄	-	၈၀
၂	၁၉၉၉-၂၀၀၀	၆၄	၄၅	၄၈	၁၅၇
၃	၂၀၀၀-၂၀၀၁	၉၂	၇၇	၅၉	၂၀၈
၄	၂၀၀၁-၂၀၀၂	၁၀၃	၉၃	၂၇	၂၅၃
၅	၂၀၀၂-၂၀၀၃	၉၅	၁၀၁	၆၄	၂၆၀
၆	၂၀၀၃-၂၀၀၄	၇၄	၁၃၁	၈၂	၂၈၇
၇	၂၀၀၄-၂၀၀၅	၄၁	၈၅	၆၈	၁၉၁
၈	၂၀၀၅-၂၀၀၆	၅၇	၁၂၅	၇၀	၂၆၂

ထို့အတူ ပညာသင်နှစ်အလိုက် အခြေခံပညာအထက်တန်း အောင်မြင်မှု အခြေအနေကိုလည်း အောက်ဖော်ပြပါဇယားတွင် လေ့လာသိရှိနိုင်ပါသည်-

နှစ်အလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအခြေအနေ

စဉ်	နှစ်	စာရင်းရှိ	ဖြေ	အောင်	နှုန်း	မှတ်ချက်
၁	၂၀၀၀	၃၈	၃၇	၁၃	၃၅.၁၄	သင်္ချာဂုဏ်ထူးတစ်ဦး
၂	၂၀၀၁	၃၄	၃၄	၁၈	၅၄.၉၄	
၃	၂၀၀၂	၃၇	၃၅	၂	၅.၄၁	
၄	၂၀၀၃	၄၄	၄၄	၁၇	၃၈.၄၄	
၅	၂၀၀၄	၃၉	၃၉	၉	၁၇.၈၁	
၆	၂၀၀၅	၄၂	၄၂	၁၁	၂၃.၁၂	မြန်မာစာဂုဏ်ထူးတစ်ဦး

အထက်ဖော်ပြပါ ပြည်ကြီးတံခွန် အမျိုးသမီးရေးရာ စေတနာညကျောင်း၏ ပညာသင်ကြားမှု အခြေအနေသည် ပညာသင်ကြားခွင့် မရရှိနိုင်ကြသော အမျိုးသမီးငယ်များ၏ ပညာသင်ကြားရေး အခွင့်အလမ်းကို အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့သည်ဟု ဆိုရပါမည်။

ပြည်ကြီးတံခွန်အမျိုးသမီးရေးရာ စေတနာညကျောင်းမှ အခြေခံပညာ အထက်တန်း အောင်မြင်သော အမျိုးသမီးငယ်များသည် တက္ကသိုလ် ကောလိပ်တို့တွင် ဆက်လက်ပညာသင်ကြားနိုင်ခဲ့သည့်အပြင် အခြေခံပညာ မူလတန်းကျောင်းများတွင်လည်းကောင်း၊ အလုပ်ရုံ၊ စက်ရုံတို့တွင် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

ယင်းအပြင် အမျိုးသမီးများ၏ လူနေမှုဘဝမြင့်မားရေး အသက်မွေးဝမ်းကြောင်းပညာ တတ်မြောက်ရေးတို့အတွက် အခြေခံစာရင်းကိုင်သင်တန်း၊ ဆံပင်မိတ်ကပ်အလှပြင်သင်တန်း အမျိုးသမီးဝတ်စုံ အပ်ချုပ်သင်တန်း၊ အမျိုးသမီးယာဉ်မောင်းသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။ အခြေခံပညာ အထက်တန်းအောင်မြင်ပြီး ရုံးလုပ်ငန်းခွင်များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသည့် အမျိုးသမီးလေးများအား ကွန်ပျူတာဆိုင်ရာ ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းကိုလည်းကောင်း၊ နိုင်ငံတကာနယ်ပယ်တွင် အင်တာနက်လုပ်ငန်း ကျယ်ပြန့်လာသဖြင့် အင်တာနက်လုပ်ငန်းကို လေ့လာသိရှိ နိုင်ရန် (Introduction to Internet) သင်တန်းကိုလည်းကောင်း၊ အခြေခံအင်္ဂလိပ်စာ သင်တန်းကိုလည်းကောင်း ဖွင့်လှစ်ပို့ချသင်ကြားပေးနိုင်ခဲ့သည်။

ဤသို့အားဖြင့် **မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးတို့၏ဘဝ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ မြန်မာအမျိုးသမီးများ၏ ဘဝသည် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အင်အားတစ်ရပ်အဖြစ် အခိုင်အမာ ပါဝင်တည်ဆောက်လာကြမည်ဖြစ်သည်။** မြန်မာအမျိုးသမီးများသည် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်သူများနှင့် ကာကွယ်စောင့်ရှောက်သူများအဖြစ် မြန်မာနိုင်ငံ၏ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြလိမ့်မည်ဟု အလေးအနက် ယုံကြည်လျက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု ရေးသားတင်ပြအပ်ပါသည်။ ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာ အမျိုးကောင်းသမီးများဖြစ်ကြသည့် အမျိုးသမီးကောင်းတို့၏ အမျိုးသားရေး ကျင့်ဝတ်အမွေကိုဆက်ခံကျင့်သုံးပြီး နိုင်ငံကို တည်ဆောက်သူများ၊ နိုင်ငံကို ကာကွယ်စောင့်ရှောက်သူများအဖြစ် မြန်မာအမျိုးသမီးများ သမိုင်းတွင် အထင်အရှား ဖြစ်တည်ရှင်သန်စေရန် အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုကျသွားသော ကြော်ငြာဆိုင်းဘုတ်ကြီးတစ်ခုကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် အရပ်သားများသေဆုံးရမှု နိုင်ငံခြားတပ်ဖွဲ့များကို ဟာမစ်ကာဇိုင်း ဝေဖန်

ကဘူး ဇွန် ၂၆

အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံတကာတပ်ဖွဲ့များကို ဖြန့်ကြက်ထားခြင်းကြောင့် ၎င်းတို့၏ စစ်ဆင်ရေးများအတွင်း အရပ်သားများသေဆုံးရသည့် ဖြစ်ရပ်များ ဆက်တိုက်ပေါ်ပေါက်ခဲ့ရကြောင်း သမ္မတ ဟာမစ်ကာဇိုင်းက အင်္ဂါနေ့တွင် အပြင်းအထန် ဝေဖန်ပြောကြားလိုက်သည်။ ပြည်ပတပ်ဖွဲ့ဝင်များသည် အာဖဂန်တပ်ဖွဲ့ဝင်များနှင့်ညှိနှိုင်းမှုမရှိဘဲ ထိုးစစ်ဆင်ခဲ့သဖြင့် အရပ်သားအများအပြားသေဆုံးခဲ့ကြောင်း၊ စစ်ဆင်ရေးလုပ်ငန်းများအတွင်း မဆင်မခြင် ပြုမူဆောင်ရွက်ချက်များသည် အာဖဂန်နစ္စတန်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုမရှိခဲ့ကြောင်း ကာဇိုင်းက ဆက်လက်ဝေဖန်ပြောကြားသည်။

ပြည်ပတပ်ဖွဲ့ဝင်များက လွန်ခဲ့သည့် ၁၀ ရက်အတွင်း စစ်ဆင်နွှဲခဲ့ရာ အရပ်သား ၉၀ ခန့်သေဆုံးခဲ့ရကြောင်း၊ အာဖဂန်လူမျိုးတို့၏ လူနေမှုဘဝကို မချိုးဖျက်သင့်ကြောင်း ကာဇိုင်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အိန္ဒိယ၌ ရေလွှမ်း၊ ၅၇ဦးသေဆုံး

ဟိုက်ဒရာဘတ် ဇွန် ၂၆

အိန္ဒိယနိုင်ငံအနှံ့အပြား၌ သုံးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ရေကြီးမှုဖြစ်ပွား ခဲ့ရာ၅၇ဦး သေဆုံး ပြီး လူပေါင်းတစ်သိန်းကျော်မှာ ၎င်းတို့နေအိမ်များကို စွန့်ခွာခဲ့ရကြောင်း တာဝန်ရှိသူများက ဇွန် ၂၃တွင် ပြောကြားသည်။

အန်ဒရာပရာဒေ့ရှ်၌ အဆိုးရွားဆုံးရေကြီးခဲ့ရာ ၃၂ဦး သေဆုံးခဲ့သည်။ မူလကသေဆုံးသူဦးရေမှာ ၄၁ဦးဖြစ် ကြောင်း ကြေညာခဲ့သည်။ သို့သော်လည်း ယခုအခါ၌ ပျောက်ဆုံးနေသူများ ပြန်လည်တွေ့ရှိခြင်းကြောင့် သေဆုံးသူဦးရေမှာ ၄၁ဦးမှ ၃၂ဦးထိလျော့ကျသွားကြောင်း သိရသည်။

ရေကြီးမှုကြောင့် လူပေါင်းတစ်သိန်းကျော်ကို ဒုက္ခသည်စခန်းပေါင်း ၉၅ခုသို့ပြောင်းရွှေ့ပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ပျောက်ဆုံးနေသူအချို့ကို သစ်ပင်များပေါ်၌ ချိတ်နေသည်ကို တွေ့ရသဖြင့် ကယ်ဆယ်ရေးသမားများက လေ့ဖြင့်သွားရောက် ကယ်ဆယ်ခဲ့ရသည်ဟု ပြည်နယ် ဝန်ကြီးချုပ်ရာဂျာစီခါရက်ဒီ ကမြို့တော်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဇွန် ၂၂ရက် ညကတည်းက အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် မြေနိမ့်ဒေသပိုင်းများဖြစ်သည့် ခရိုင်သုံးခရိုင်၌ ရေလွှမ်းသွားခဲ့သည်။ ထိုအတောအတွင်း မိုးရေချိန် ရှစ်လက်မထိရွာသွန်းခဲ့သည်။ ထို့ပြင် မြစ်များနှင့်ချောင်းများ၌ ရေများလျှံ၍ရေကြီးမှုဖြစ်ပွားကြောင်းသိရသည်။ အနောက် တောင်ဘက်ကာနိုခရိုင်သည် ရေကြီးမှုကြောင့် အသေအပျောက်အများဆုံး ခရိုင်ဖြစ်သည်။ **အင်တာနက်။**

မြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်း ဆက်ခံ

လန်ဒန် ဇွန် ၂၇

မြိတိန်နိုင်ငံ ဝန်ကြီးချုပ် တိုနီဘလဲ ရာထူးမှနုတ်ထွက်ပြီးနောက် အသက်(၅၆)နှစ်အရွယ်ရှိဂေါ်ဒွင်ဘရောင်းသည် ၎င်း၏ နေရာကို ဆက်ခံကာ ဇွန်၂၇ရက်က ဝန်ကြီးချုပ်တာဝန်ကို လွှဲပြောင်း ယူလိုက်ပြီဖြစ်သည်။

ဘာကင်ဟမ်နန်းတော်တွင် ဒုတိယအဲလီဇဘက်ဘုရင်မက ဘရောင်းကို ဝန်ကြီးချုပ်သစ်အဖြစ် တာဝန်ယူကာ အစိုးရသစ်ကို ဖွဲ့စည်းဦးဆောင်ရန် တာဝန်ပေးခဲ့သည်။ ၎င်းသည် ရာထူးသစ်ကို လက်မခံမီအချိန်က ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ **အင်တာနက်။**

ထိုင်းတောင်ပိုင်းတွင် ချုံခိုတိုက်ခိုက် တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ရွာသားနှစ်ဦးသေဆုံး

ဗန်ကောက် ဇွန် ၂၆

ထိုင်းနိုင်ငံတောင်ပိုင်းတွင် တနင်္ဂနွေနေ့က စစ်သွေးကြွဟုသင်္ကာမကင်းဖြစ်ရသူများက ချုံခိုတိုက်ခိုက်သဖြင့် ထိုင်းတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ရွာသားနှစ်ဦးသေဆုံး ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နာရာသီဝပ်ပြည်နယ် လမ်းမပေါ်၌ စစ်သွေးကြွများဟု သင်္ကာမကင်း ဖြစ်သူများက ချုံခိုတိုက်ခိုက်ခဲ့ပြီး သေဆုံးသွားသည့် ထိုင်းတပ်ဖွဲ့ဝင်နှစ်ဦး၏ အလောင်းများကို မီးရှို့ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါတာနီပြည်နယ်တွင် မော်တော်ဆိုင်ကယ်စီးလာသည့် အရပ်သားနှစ်ဦးမှာ သေနတ်သမားများ၏ပစ်ခတ်မှုခံခဲ့ရပြီး သေဆုံးခဲ့သည်။ ၎င်းတို့နှစ်ဦး၏ အလောင်းများကို ဘင်ဇင်နှင့်ပက်ဖျန်းပြီး မီးတင်ရှို့ခဲ့သည်ဟုဆိုသည်။

ထိုင်းစစ်ဘက်က နာရာသီဝပ်နှင့် ယာလာပြည်နယ်တို့တွင် စစ်သွေးကြွများဟု သင်္ကာမကင်းဖြစ်ရသူ ၁၃၀ ခန့်ကို ထိန်းသိမ်းဖမ်းဆီးခဲ့သည်ဟု စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ အကာရာသီပရော့က သတင်းထောက်များအား ပြောကြားသည်။

ထိုင်းတောင်ပိုင်းတွင် သူပုန်ထမှုမှာ သုံးနှစ်ရှိခဲ့ပြီဖြစ်ပြီး လူပေါင်း ၂၃၀၀ ကျော် သေဆုံးခဲ့ရသည်။ ဗုံးခွဲတိုက်ခိုက်မှုများနှင့် ပစ်ခတ်မှုများမှာ နေ့စဉ်နီးပါး ပေါ်ပေါက်လျက်ရှိသည်။

မိမိ၏အစိုးရအဖွဲ့သည် သောင်းကျန်းသူများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲပြုလုပ်ကာ နိုင်ငံတောင်ပိုင်းတွင် တည်ငြိမ်အေးချမ်းမှု ရရှိအောင် ကြိုးပမ်းသည်ဟု ဝန်ကြီးချုပ် ဆူရာယုဒ်ချုလာနွန်က စနေနေ့တွင် ထပ်လောင်းပြောကြားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

ကမ္ဘောဒီးယားကယ်ဆယ်ရေးသမားများ လေယာဉ်ပျက် အစိတ်အပိုင်းကို တွေ့ရှိ

ဖနောင်ပင် ဇွန် ၂၇

ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့ပြည်နယ် ဘိုကောတောင်တန်းဒေသ၌ ပျက်ကျသွားသော လေယာဉ်အစိတ်အပိုင်းကို ရဟတ်ယာဉ်ဖြင့် ရှာဖွေသည့် ကယ်ရေးအဖွဲ့များက ဇွန် ၂၇ရက်နံနက်ပိုင်းတွင် ရှာဖွေတွေ့ရှိကြောင်းလေကြောင်းဆိုင်ရာအရာရှိများက ပြောကြားသည်။

ဆီရမ်ရိမြို့မှ သီဟာနိုဗီမြို့သို့ ပျံသန်းလာသော U4 241 ခရီးစဉ်ပျံသန်းလာသည့် လေယာဉ်သည် ဇွန် ၂၅ရက်က ပျက်ကျခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိလေယာဉ်၌ လိုက်ပါသွားသူခရီးသည် ၁၆ဦးနှင့် လေယာဉ်အဖွဲ့သားများကို တစ်ဦးတစ်ယောက်မျှ ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်းလေကြောင်းဌာနမှ အကြီးအကဲကီရိုဆီဗရွန်ကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်နိုင်ငံတွင် ဒုက္ခသည်များအတွက် အရေးပေါ် ဖြန့်ဝေပေးရန် ထားရှိသည့် ရွှေ့ပြောင်းနိုင်သော အိမ်ခန်း ၂၀၀၀၀ ခန့်ကို အာကင်ဆောပြည်နယ် လေဆိပ်တွင် ဇွန် ၂၅ ရက်က တွေ့ရစဉ်။(၎င်းကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာက ကက်သရင်း လေဘောဒုက္ခသည်များအား ပေးဝေခြင်းမရှိသဖြင့် အာဏာပိုင်များအား ဝေဖန်လျက်ရှိသည်။) (ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာတွင် ဗုံးများပေါက်ကွဲ ၂၃ဦးဒဏ်ရာရရှိ

ဘိုဂိုတာ ဇွန် ၂၆

လက်ဝဲဝါဒီ တိုက်ခိုက်ရေးသမားများသည် ကိုလံဘီယာနိုင်ငံ၏ အထင်ကရဆိပ်ကမ်း မြို့ဖြစ်သည့် ဘူအင်နာဘင်ကျူရာမြို့တွင် စနေနေ့က လက်ပစ်ဗုံးနှင့် အခြားဗုံးများအသုံးပြု၍ တိုက်ခိုက်သဖြင့် ၂၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာအာဏာပိုင်များက ပြောကြားသည်။ လက်ဝဲဝါဒီတိုက်ခိုက်ရေးသမားများသည်အရောင်းအဝယ်လုပ်ငန်းများဖြင့်စည်ကားရာနေရာများနှင့်ရဲစခန်းတို့ကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူခုနစ်ဦးမှာ ကလေးငယ်များဖြစ်သည်။

ရဲတပ်ဖွဲ့ကမပေါက်ကွဲသေးသော ဗုံးတစ်လုံးကို ဖယ်ရှားပစ်ခဲ့သည်။

အိုအေစစ်စားသောက်ဆိုင်တွင် တိုက်ခိုက်မှုစတင်ခဲ့ကြောင်း၊ယင်းစားသောက်ဆိုင်သည် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ရာဖာနယ်ခြားဖြတ်သန်းရေးစခန်း အီဂျစ်ပြန်ဖွင့်ပေးရန် ဟားမတ်စ်တိုက်တွန်း

ဂါဇာစီးတီး ဇွန် ၂၆

ရာဖာနယ်ခြား ဖြတ်ကျော်ရေးစခန်း၏ အီဂျစ်နိုင်ငံဘက်ခြမ်းတွင် သောင်တင်နေကြသည့် ပါလက်စတိုင်းလူမျိုး ၄၀၀၀တို့ကို အီဂျစ်အာဏာပိုင်များက ဟားမတ်စ်ထိန်းချုပ်သော ဂါဇာကမ်းမြောင်ဒေသသို့ ပြန်လာခွင့်ပြုရန် အစ္စလမ္မာစ် ဟားမတ်စ်လှုပ်ရှားမှုအဖွဲ့က အင်္ဂါနေ့တွင် နှိုးဆော်လိုက်သည်။

နယ်ခြားဖြတ်ကျော်ရေးစခန်းတွင် သောင်တင်နေသည့် ထောင်ချီရှိနေသော ပါလက်စတိုင်း လူမျိုးများ၏ အခြေအနေနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိကြောင်း ဂါဇာရှိ ဟားမတ်စ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဖောဇီဘာဟွမ်က သတင်းထောက်များသို့ ပြောကြားသည်။

သောင်တင်နေသည့် ပါလက်စတိုင်း ဒုက္ခသည်များ ဘေးဒုက္ခရောက်နေရမှုအတွက် စိုးရိမ်မကင်းဖြစ်မိကြောင်း၊ နယ်ခြားဖြတ်ကျော်ရေးစခန်းကို မကြာမီပြန်ဖွင့်မည်ဟု မိမိတို့မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သောင်တင်နေသည့် လူအများစုမှာ အမျိုးသမီးများ၊ ကလေးငယ်များနှင့် ပြည်ပဆေးရုံ များ၌ ဆေးကုသမှုခံယူရန် ဂါဇာမှ ထွက်ခွာသွားသူများ ဖြစ်ကြသည်ဟု သတင်းများအရ သိရှိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံ နင်ရှားဟွေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ရဲမေများ မြင်းစီးလေ့ကျင့်နေကြသည်ကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၌ဘိန်းဖြူ ၂၂၉ ကီလို သိမ်းဆည်းရမိ

ပေကျင်း ဇွန် ၂၆

တရုတ်နိုင်ငံ အကောက်ခွန်ဌာနသည် ယခုနှစ် ဇွန် ၁၅ရက်အထိ ဘိန်းဖြူ ၂၂၉ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်သူများအဖြစ် မသင်္ကာသူ ၁၈၀ကိုလည်း ထိန်းသိမ်းထားခဲ့ကြောင်း အကောက်ခွန်အထွေထွေစီမံခန့်ခွဲရေးဌာနက ကြာသပတေးနေ့တွင် ကြေညာသည်။

အကောက်ခွန်ဌာနသည် ယခုနှစ် ဇွန် ၁၅ရက်အထိ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု ၁၆၅မှုကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း၊ အမှုအရေအတွက်မှာ ယမန်နှစ်အလားတူ ကာလကထက် ၈၁ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့နှင့် ဆက်သွယ်မည့် ရထားလမ်းနှစ်လမ်း ဗီယက်နမ်ဖောက်လုပ်မည်

ဟန္နွိုင်း ဇွန် ၂၆

အာရှနိုင်ငံများကို ဖြတ်သန်းသွားမည့် ရထားလမ်းတစ်စိတ်တစ်ဒေသအဖြစ် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သို့ ရထားလမ်း ဖောက်လုပ်ရန် ဗီယက်နမ်နိုင်ငံက စီစဉ်လျက်ရှိကြောင်း၊ ဒေသတွင်း ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသည်များ သွားလာရေး အဆင်ပြေစေရန်ဖြစ်ကြောင်း ဆိုင်ဂွန်လွတ်မြောက်ရေး အမည်ရှိသတင်းစာက ဇွန် ၂၅ ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါ ရထားလမ်း နှစ်လမ်းမှာ စုစုပေါင်းအရှည် ကီလိုမီတာ ၂၅၀ ရှိမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေ ဗီယက်နမ်ဒေါင်ဂဒေသမ ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၂၅ သန်း) ရှိသည်။ ယင်းရထားလမ်း နှစ်လမ်းဖောက်လုပ်မည့် အစီအစဉ်ကို ဗီယက်နမ်နိုင်ငံ ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဗီယက်နမ်ရထားလုပ်ငန်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ပါလက်စတိုင်း ပဋိပက္ခအဆုံးသတ်ရေး ဆွေးနွေးပွဲပြုလုပ်ရန် အီဂျစ် တိုက်တွန်း

ဂါဇာစီးတီး ဇွန် ၂၆

ပါလက်စတိုင်း ဂိုဏ်းဂဏ တိုက်ခိုက်မှု အဆုံးသတ်စေရေးအတွက် ဆွေးနွေးပွဲ ကျင်းပရန် အီဂျစ်သမ္မတ ဟိုစနီမူဘာရက်၏ တိုက်တွန်းမှုကို ရာထူးမှ ဖြုတ်ချခံခဲ့ရသော ပါလက်စတိုင်း ဝန်ကြီးချုပ် အစ္စမေးလ်ဟာနီယာက တနင်္လာနေ့တွင် ကြိုဆိုလိုက်သည်။ ဆွေးနွေးမှု ချက်ချင်းပြုလုပ်ရန် မိမိတို့ အသင့်ရှိကြောင်း ဟာနီယာ၏ ကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်လ်မန်ပြည်နယ် လပ်ရှ်ကာဂါမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အာဖဂန်ရဲတပ်ဖွဲ့ဝင် အချို့ကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မိုင်းရှင်းလင်းရေး ကျွမ်းကျင်သူများကို တာလီဘန်ပြန်လွှတ်ပေးဖွယ်ရှိ

ကဘူး ဇွန် ၂၆

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်ပြောက်ကျားများက လွန်ခဲ့သည့် ရက်သတ္တပတ်က ဖမ်းဆီးထားခဲ့သည့် မိုင်းရှင်းကျွမ်းကျင်သူ ၁၈ ဦးကို ပြန်လွှတ်ပေးဖွယ်ရှိကြောင်း တာဝန်ရှိသူ တစ်ဦးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။ ၎င်းပြောက်ကျားများက အာဖဂန်နိုင်ငံသားဖြစ်သည့် အဆိုပါ မိုင်းရှင်းကျွမ်းကျင်သူများနှင့်အတူ အနံ့ခံ ခွေးလေးကောင်နှင့် တိုကိုဂါဇနီပြည်နယ် အန်ဒါခရိုင်မှ စနေနေ့တွင် ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ယင်းဒေသသည် တာလီဘန်ပြောက်ကျားများ အများဆုံးရှိရာ ဒေသဖြစ်သည်။ ၎င်းမိုင်းရှင်းသူများသည် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန် ဦးဆောင်သော အာဖဂန်တပ်ဖွဲ့များအတွက် လုပ်ငန်းလုပ်ကိုင်နေသည်ကို စုံစမ်းတွေ့ရှိရပါက သတ်ပစ်မည်ဟု တာလီဘန်ပြောက်ကျားများက ခြိမ်းခြောက်ထားသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် အဝေးပြေးလမ်းမပေါ်ရှိ တံတားအောက်ခြေကို ဝင်တိုက်ပြီးပျက်စီးသွားသော ဘတ်စ်ကား တစ်စီးကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တူရကီ အရှေ့ပိုင်းတွင် ထရပ်ကား အသုံးပြု၍ ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်

တန်ဆယ်လီ(တူရကီ) ဇွန် ၂၆

တူရကီနိုင်ငံ အရှေ့ပိုင်း၌ စနေနေ့က ကာဒစ္စတန် အလုပ်သမားပါတီ (ပီကေကေ) ခွဲထွက်ရေးသူပုန်များက ရဲတပ်ဖွဲ့ဝင်များအား ထရပ်ကားအသုံးပြု၍ တိုက်ခိုက်ခဲ့သော်လည်း တစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ လွတ်မြောက်ခဲ့ကြောင်း ပြည်နယ် အုပ်ချုပ်ရေးမှူးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပီကေကေအဖွဲ့မှ စစ်သွေးကြွများက လောင်စာတင် ထရပ်ကားတစ်စီးကို အသုံးပြု၍ တန်ဆယ်လီပြည်နယ် အရှေ့ပိုင်းရှိ ရဲစခန်းကို တိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်ဟု စစ်ဘက်သတင်း ရပ်ကွက်က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုအတွင်း ဗုံးဖောက်ခွဲသူ သေဆုံးပြီး ထရပ်ကားလည်း ပေါက်ကွဲပျက်စီးသွားခဲ့ကြောင်း၊ ပီကေကေအဖွဲ့ဝင်တစ်ဦးသေဆုံးကာ ၎င်းပြောက်ကျားများ အပိုင်စီးခဲ့သည့် ကားမှ ယာဉ်မောင်းလည်း သေဆုံးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယမုတ်သုံရာသီ ရေလွှမ်းမိုးမှု သေဆုံးသူ ၁၅၀ ရှိ

ဟိုက်ဒရာဘတ် ဇွန် ၂၆

အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီ ရေဘေးကြောင့် ယခုအချိန်အထိ သေဆုံးသူ ၁၅၀ ရှိပြီ ဖြစ်ကြောင်း၊ နိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် ရေလွှမ်းမိုးမှုများနှင့် တွေ့ကြုံနေရသူ လူသိန်းပေါင်းများစွာကို ရေဘေးလွတ်ရာ ကုန်းမြင့်ဒေသများသို့ ရွှေ့ပြောင်းပေးနိုင်ရန် အာဏာပိုင်များ ပြင်ဆင်လျက်ရှိကြောင်း တာဝန်ရှိသူ တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

အင်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် ရေလွှမ်းမိုးမှုများကြောင့် ၃၈ ဦးထက်မနည်း သေဆုံးကြောင်း၊ လမ်းလုပ်သား ခုနစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ရေဘေးဒဏ်ကို အဆိုးရွားဆုံး တွေ့ကြုံခံစားသွားရသည့် မြို့မှာ တာနူးလ်မြို့ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကြက်၊ ငှက်များ ရောဂါကျရောက်မှု ရှိ၊ မရှိ စစ်ဆေးနေသည်ကို ဇွန် ၂၄ ရက် က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဘဂ္ဂဒက်တွင် တိုက်ခိုက်မှုများဖြစ်ပွား အလောင်း ၁၁ လောင်းကို ရဲတပ်ဖွဲ့ တွေ့ရှိ

ဘဂ္ဂဒက် ဇွန် ၂၆

အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက်တွင် တနင်္ဂနွေနေ့ညက တိုက်ခိုက်မှု နှစ်ခု ဖြစ်ပွားသဖြင့် နှစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားကြောင်း၊ ဘဂ္ဂဒက်တွင် မည်သူမည်ဝါမှန်း မသိရသော အလောင်း ၁၁ လောင်းကို ရဲတပ်ဖွဲ့က တွေ့ရှိကြောင်း ရဲသတင်းရပ်ကွက်တွင် ပြောကြားသည်။

သေနတ်သမားများက ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒူရာခရိုင်တွင် ရဲကင်းလှည့်တပ်ဖွဲ့ကို သေနတ်ဖြင့် ပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသည်ဟု အဆိုပါ သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးအယ်လ်ဆော်ဒေသရှိ လူနေရပ်ကွက်တွင် စိန်ပြောင်းဖြင့် အပစ်ခံရသဖြင့် အရပ်သားတစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့၏ အခြားဒေသများတွင် သတ်ဖြတ်ခံထားရဖွယ်ရှိသည့် သေဆုံးနေသော အလောင်း ၁၁ လောင်းကို ၂၄ နာရီအတွင်း တွေ့ရှိခဲ့သည်ဟု အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

အလောင်းအများစုသည် ညှဉ်းပန်းခံထားရသည့် ပုံစံမျိုးဖြင့် သေဆုံးနေကြသည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဂျင်နီယာလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် တရုတ်နှင့်ဆော်ဒီ သဘောတူ

ရီယာ့ဒ် ဇွန် ၂၆

တရုတ်နှင့်ဆော်ဒီအာရေဗျနိုင်ငံတို့သည် စနေနေ့က သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ယင်းသဘောတူညီချက်အရ တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်းများသည် ဆော်ဒီအာရေဗျနိုင်ငံရှိ စီမံကိန်းများအတွက် တင်ဒါတိုက်ရိုက်တင်သွင်းနိုင်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဆော်ဒီအာရေဗျစည်ပင်သာယာရေးနှင့် ကျေးလက်ရေးရာ ဒုတိယဝန်ကြီး မန်ဆူဘင်မိုတတ်ဘင် အဗ္ဗဒယ်လ်အဇစ်နှင့် တရုတ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး လက်ထောက်ဝန်ကြီး ချင်ကျန်တို့က အင်ဂျင်နီယာလုပ်ငန်း စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံ၏ စီးပွားရေးနှင့်ကုန်သွယ်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် ချင်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး)သင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိမိတို့ဒေသ၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏အကျိုးကို နိုင်ငံတော်ကိုချစ်သည့် နိုင်ငံသားများကသာ အလိုလားဆုံးဖြစ် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူများ၏စွမ်းအားများနှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနား၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို မှန်မြတ်မှန်ကန်သည့် ရည်ရွယ်ချက် (၅)ချက်၊ အခြေခံမူ(၅)ရပ်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ်(၁၀)ပါးနှင့် တာဝန်ဝတ္တရား(၁၄)ချက်ကို အခိုင်အမာပြဌာန်းပြီး ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်သစ်ထူထောင်ရေးလုပ်ငန်းစဉ်ကြီးတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရုံသာမက လူထုတစ်ရပ်လုံးပါဝင်ဆောင်ရွက်လာအောင် စည်းရုံးရေးနည်းလမ်းအားဖြင့် အထောက်အကူပြုနေကြပြီဖြစ်ကြောင်း၊ နှစ်စဉ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နိုင်ငံ၏ နယ်မြေဒေသအသီးသီးတွင် နယ်မြေ၏အကျိုး၊ နယ်မြေလူထု၏အကျိုးကို စိတ်ကောင်းစေတနာမှန်နှင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် နယ်မြေလူထု၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကိုလည်း ရရှိနေပြီဖြစ်ကြောင်း၊ အသင်းဝင်အင်အားသည်လည်း ၂၄သန်းနီးပါးအထိ တိုးတက်လာပြီဖြစ်ကြောင်း။

ထို့ကြောင့် အသင်းကြီးကို စတင်ထူထောင်သည့်အချိန်ကစပြီး စနစ်တကျဖွဲ့စည်းမှုနှင့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ်ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ အသင်းကြီးကို ဗဟိုဌာနချုပ်၊ ပြည်နယ်တိုင်းအသင်း၁၇သင်း၊ ခရိုင်အသင်း၆၆သင်း၊ မြို့နယ်အသင်း၃၂၀၊ ရပ်ကွက်၊ ကျေးရွာအသင်း၁၅၃၃၄သင်းအဖြစ် စနစ်တကျဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အသင်းဝင်များသည် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးတွင်ရှိနေကြပြီး တိုင်းရင်းသားပေါင်းစုံပါဝင်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

အမှုဆောင်များအဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက် မြင့်မားရေး၊ နိုင်ငံ့သားကောင်းအရည်အချင်းပြည့်ဝရေး၊ မှန်ကန်သည့် ဦးဆောင်မှုနှင့် နာခံခြင်း အလေ့အကျင့်ကောင်းများရရှိရေး၊ မှန်ကန်သော ဦးဆောင်မှုကိုခံယူခြင်းဖြင့် စုစည်းညီညွတ်သော အင်အားစုအဖြစ် နိုင်ငံအတွက် အလုပ်အကျွေးပြုနိုင်ရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် တိုးတက်မှုအခြေအနေ၊ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မွန်မြတ်သည့်စိတ်ဓာတ်၊ ခိုင်မာသည့်စည်းကမ်း၊ ထက်မြက်သည့်စွမ်းရည်များ ရရှိစေရန် အလေးထားပြီးလေ့ကျင့်ဆွေးနွေးသွားကြမှာဖြစ်ကြောင်း၊ သင်တန်းက ဆွေးနွေးပို့ချမှုများကို မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့်ပေါင်းစပ်ပြီး မိမိတို့နယ်မြေအကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်သွားနိုင်ရန် အလေးထားပြီး မှတ်သားလေ့လာသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

လက်ရှိကာလသည် နိုင်ငံတော်ကြီးကို ပြည်သူများလိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် ရောက်အောင်အစီအစဉ်ရှိရှိ ပုံဖော်တည်ဆောက်နေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရသည့် အခွင့်အခါကောင်းနှင့် ကြုံကြိုက်နေသည့်ကာလဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် အတိတ်ကာလ၏ ကောင်းမွေဆိုးမွေများအပေါ် အခြေခံပြီး အနာဂတ်ကာလ နိုင်ငံတော်ကြီး ရေရှည်တည်တံ့စေရန်၊ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ထားသည့် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မျှော်မှန်းပြီး ပဏ္ဍုပ္ပန်ကာလတွင် လက်တွေ့ကျသည့် လုပ်ငန်းစဉ်များ၊ စတင်လုပ်ဆောင်နိုင်သည့် လုပ်ငန်းစဉ်များနှင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ကြရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲနေသည့် ပကတိအခြေအနေကို ကြည်လင်သည့်အမြင်နှင့် ကြည့်မည်ဆိုလျှင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် တည်ငြိမ်အေးချမ်းမှုရအောင် ကြိုးပမ်းခဲ့ကြသော်လည်း မရရှိခဲ့သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနေပြီဆိုသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ မည်သည့်ခေတ် မည်သည့်အခါကနှင့်မျှမတူသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူကြားက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များကိုယ်တိုင် နေရာအသီးသီးတွင်ရှိနေကြသည့် ပြည်သူများနှင့်အတူ သိမြင်ထိတွေ့ ခံစားနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဒေသကြီး(၂၄) ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများချမှတ်ပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် အောင်မြင်မှုရလဒ်ကောင်းများ ရရှိနေပြီဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်သစ်ကြီးကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်ထားပြီးဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် မရှိမဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက်လည်း အမျိုးသားညီလာခံကြီးကို မကြာခင်ပြန်လည်ကျင်းပတော့မှာဖြစ်ကြောင်း၊ အသင်းဝင်အားလုံး အမျိုးသားညီလာခံကြီး အောင်မြင်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် လူထုတစ်ရပ်လုံးနှင့်လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းအချို့က ၎င်းတို့၏ တဒင်္ဂအကျိုးသက်သက်ကိုသာကြည့်ပြီး တိုင်းရင်းသားများ၏ ဓလေ့စရိုက်အစဉ်အလာကောင်းများအပေါ် ဖျက်လိုဖျက်ဆီးလုပ်ဆောင်လျက်ရှိနေသည်ကို ဂရုပြုကြရမှာဖြစ်ကြောင်း၊ ရပ်ရေးရွာရေးတွင် စုပေါင်းဆောင်ရွက်တတ်သည့် မြန်မာတို့၏ ဓလေ့အစဉ်အလာကောင်းများကို အဓမ္မလုပ်အားပေးစေခိုင်းမှုများအဖြစ် ပုံဖော်ပေးနေခြင်းများ၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြသည့် အစဉ်အလာကောင်းများအတိုင်း လုပ်ဆောင်နေကြသည့် မွန်မြတ်သည့် လူမှုကရုဏာလုပ်ငန်းများအပေါ် အမြတ်ထုတ်နိုင်အောင် ကြိုးပမ်းနေမှုများ၊ ကိုးကွယ်ယုံကြည်ရာ ဘာသာရေးကိစ္စများ၌ပါ လူထုဆူပူအုံကြွမှုဖြစ်လာအောင် အဖျက်အမှောင့်ပယောဂများနှင့် လုပ်ဆောင်နေမှုများရှိနေကြသည်ဆိုသည်ကို ဂရုပြုကြရမှာဖြစ်ကြောင်း။

အရာရာကို ကြည်လင်သည့်အမြင်နှင့် ရှုမြင်တတ်ရမှာဖြစ်ကြောင်း၊ လက်တွေ့ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးအတွက် ဆန္ဒစွဲ၊ အတ္တစွဲ၊ ဝါဒစွဲ၊ မာနစွဲကင်းကင်းနှင့် မှန်ကန်စွာ ရှုမြင်နိုင်ကြရမှာဖြစ်ကြောင်း၊ အသိအမြင်မှန်မှသာ အလုပ်အကိုင်မှန်ပြီး အကျိုးစီးပွားဖြစ်ထွန်းမှာဖြစ်ကြောင်း၊ မိမိတို့ဒေသ၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ အကျိုးကို နိုင်ငံတော်ကိုချစ်သည့် နိုင်ငံသားများကသာ အလိုလားဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကိုလည်း နိုင်ငံသားများကပင် အသိဆုံးဖြစ်ကြောင်း၊ တိုင်းတစ်ပါးက ပကတိအခြေအနေကို အမှန်အတိုင်းမသိသူများ၏ လိုလားချက်များအတိုင်း ပေးကမ်းချီးမြှောက်မှုများကို မျှော်ကိုးပြီး ဆောင်ရွက်ကြမည့်အစား နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှုရှိပြီး ပြည်တွင်းက စစ်မှန်သည့် အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူများ၏ စွမ်းအားများနှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

အသင်းကြီးက **"ရပ်ရေး၊ ရွာရေးသည် လူမှုရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်"**ဟုခံယူပြီး ပါဝင်ဆောင်ရွက်နေကြသည့် ရပ်ရေး၊ ရွာရေး၊ လူမှုရေးကိစ္စရပ်များကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မွန်မြတ်သည့်စေတနာနှင့် ဆောင်ရွက်နေကြသည့် အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့်ပြောကြားလိုသည်မှာ အသင်းဝင်အားလုံး တာဝန်၏ အရေးပါမှုကိုနားလည်ပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အားထားရသည့် စည်းရုံးရေးမှူးကောင်း၊ တည်ဆောက်ရေးမှူးကောင်း တစ်ဦးဖြစ်အောင် အစဉ်ကြိုးပမ်းသွားကြပါ၊ အသင်းကြီးကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း မိမိတို့၏နယ်မြေဒေသအသီးသီးတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေလူထုနှင့်လက်တွဲပြီး ဝိုင်းဝန်းတိုးမြှင့်ဆောင်ရွက်သွားကြပါ၊ အသင်းဝင်များသည် ပြည်သူနှင့်တစ်ဆက်တစ်စပ်တည်း ရှိကြသူများဖြစ်ကြသည့်အတိုင်း ကြုံတွေ့နေကြရသည့် ရပ်ရေး၊ ရွာရေး၊ လူမှုရေးကိစ္စရပ်များတွင် ပြည်သူများအကျိုးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြပါ၊ တိုင်းရင်းသား ပြည်သူများအကြား စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ အမျိုးသားညီလာခံကြီးအောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီးဆောင်ရွက်သွားကြပါဟုမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

NLDပါတီသည် နိုင်ငံတော်၊ ပြည်သူတို့၏အကျိုးကိုဖော်ဆောင်မှုမရှိ NLDပါတီဝင်အဖြစ်ဆက်လက်ရပ်တည်နေပါက မိမိတို့ဘဝနစ်သထက်နစ်နေမည် လပွတ္တာမြို့နယ်မှ ပါတီဝင် ၁၄ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၂၇

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမြင့်ဝင်း၊ ဦးတင်ဝင်း၊ ဦးစံမြင့်၊ ဦးမောင်မောင်ကြည်နှင့် ဦးလှကြည်တို့အပါအဝင် ပါတီဝင်၁၄ဦးတို့သည် ဇွန် ၂၁ရက်တွင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်းနုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဧရာဝတီတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် နိုင်ငံတော်၊ ပြည်သူတို့၏အကျိုးကို ဖော်ဆောင်မှုမရှိသဖြင့် ပါတီအပေါ်ယုံကြည်အားထားမှု မရှိတော့ကြောင်း၊ NLDပါတီတွင် အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်နေပါက မိမိတို့ဘဝနစ်သထက်နစ်နေမည်ဖြစ်သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၆၁)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇူလိုင် ၁၄ရက်နှင့် ၁၅ရက်တို့တွင် ရန်ကုန်သူနာပြုတက္ကသိုလ် စုဝေးခန်းမ၌ နေ့စဉ် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဗဟိုကောင်စီဝင်များနှင့် ပြည်နယ်/တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ၊ ပြည်နယ်၊ တိုင်း ရဲတပ်ဖွဲ့မှူးများအား ဖိတ်ကြားထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MWAF

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3rd July 2007

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်အား ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂဒုတိယ အတွင်းရေးမှူးချုပ် မစ္စရာဒီကာ ကုမာရဆွာမိနှင့်အဖွဲ့သည် ဇွန် ၂၅ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်အား ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် မစ္စ ရာဒီကာ ကုမာရဆွာမိနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအကြောင်းကို ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့၏ သိရှိလိုသည်များကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များက ပြန်လည်ဖြေကြားကြပြီး အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် မစ္စရာဒီကာ ကုမာရဆွာမိသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်/ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာ အမျိုးသမီးများ နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ပဲခူးတိုင်း (အနောက် ပိုင်း) တိုင်း အမျိုးသမီးရေး ရာ အဖွဲ့ ကကြီး မှူး ကျင်း ပသည့် ခြံစည်းရိုးကြက် ဆူ ပင်စုပေါင်း စိုက်ပျိုးပွဲတွင် ပဲ ခူး တိုင်း (အနောက် ပိုင်း) တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်း ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ကမ္ဘာ့မြေရှင့်ဇာတိနွယ်

(တေးထပ်)

မျိုးရိုးရှိန် ထိန်ဝေတင့်
သိန်သရေဆင့် သမ္ဘာရှိတယ်၊
ကမ္ဘာ့မြေရှင့် သမာဓိကြွယ်၊
ဇာတိနွယ်ထင်ရှား။
မြန်မာတို့ ပုံရိပ်လွှာမှာ
ဂုဏ်သိက္ခာ မြင့်မြတ်သူများ။
သိမ်မွေ့တဲ့ ပြုံးရွှင်စွာရယ်
ဘုန်းအင်္ဂါ တောက်ကြွား၊
ထုံးစဉ်လာ မဖောက်ပြားပါဘု
ထောက်ထားငဲ့ သစ္စာ၊
ကိုယ့်ရိုးရာ ကိုယ့်မာန်ပွားစေမယ့်
ကိုယ့်ဟန်များ မြတ်နိုးတွယ်တာ၊
ကိုယ့်စံတရား ကိုးကွယ်ကာရယ်
မျိုးနွယ်မဟာ ရွှင်ကြည်သန့်ပါဘိ
ယဉ်တည်ခံ့ ဖြိုးသစ်ဝေ
မျိုးချစ်မယ်တွေ။
တိုးပွားဖို့ နိုးကြားမသွေတယ်
ဘိုးဘွားအမွေ စောင့်ထိန်းလို့လေး...။
လှလွန်းပေ့ တင့်ဆန်းဟန်မှာ
တစ်ပွင့်ပန်းပန် နန်းဆန်ရဲ့လေး...။
အသိသတိ ပွားများဉာဏ်ရယ်
ငါးပါးကံ လုံလွန်းလှလေး...။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

ရေနံ့သာမောင် (ပညာရေးသုတေသန)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၁) သီရိရတနာခန်းမတွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန် ဖတ်ကြားစဉ်။ (၆၄)

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချီ

ရန်ကုန် ဇွန် ၂၇

စာပေဗိမာန် စာအုပ်အသင်းက ၂၀၀၄ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ပထမဆု)ရ အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)၏ "ရွှေဘုံ ရွှေနန်း အမရပူရကြငှန်း" စာအုပ်ကို စာအုပ်အသင်း၏ (၃၁)အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချီလျက်ရှိသည်။

ထုတ်ယူနိုင်

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အသင်း၌ လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းသို့ ဝင်လိုလျှင် အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း အရောင်းဌာန ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အထက(၁)သပြေခန်းမဆောင်၌ ပြုလုပ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။ (၅၀၆)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက်က မင်္ဂလာတောင်ညွှန့်မြို့နယ် အထက (၃)ကျောင်းခန်းမတွင် ပြုလုပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးထံမှပေးပို့သော သဝဏ်လွှာကို မင်္ဂလာတောင်ညွှန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ဖတ်ကြားစဉ်။ (၃၂)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့အား အမှူးထား၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ရေစက်၊ ရေကန် လှူဒါန်းပွဲကျင်းပ

ငါးပါးသီလ ခံယူ

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လေ့ခွင်းတောင်တော်၌ သီတင်းသုံးတော်မူသော ရဟန်းသံဃာတော်များ ရေရရှိရေးအတွက် ရေစက်၊ ရေကန် လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (ပို့ဆောင်ရေး)

နေပြည်တော် ဇွန် ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့အား အမှူးထား၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လေ့ခွင်းတောင်တော်တွင် သီတင်းသုံးတော်မူသော ရဟန်း သံဃာတော်များ ရေရရှိရေးအတွက် ရေစက်၊ ရေကန် လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီတွင် ပျဉ်းမနားမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု(ပေါင်းလောင်း)ရှိ သာသနာ့အလင်းရောင် လေ့ခွင်းတောင် စည်ပင်သာယာကျောင်းတိုက်ဓမ္မာရုံတွင် ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့သည် မြတ်စွာဘုရားအား ဆီမီး၊ ပန်း၊ ရေချမ်းနှင့် ဆွမ်းတို့အား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းဓမ္မာရုံတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းကို ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ ဌာနအကြီးအကဲများနှင့် ဇနီးတို့မှ ဆက်ကပ်လှူဒါန်းကြသည်။ အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် ကျည်တောင်ကျေးရွာရှိ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဆက်လက်၍ အစီအစဉ်အရ ရေစက်ချ အခမ်းအနား ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် သာသနာ့အလင်းရောင် လေ့ခွင်းတောင်တော် ရေရရှိရေး ဆောင်ရွက်မှု၊ ရေပိုက်သွယ်တန်းခြင်း ဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ ဂေါပကဥက္ကဋ္ဌ ဦးထွန်းဉာဏ်က ရှင်းလင်းလျှောက်ထားသည်။ ၎င်းနောက် လေ့ခွင်းတောင်တော် ရေရရှိရေးအတွက် ဆိုင်ရာ စာရွက်စာတမ်းများနှင့် အလှူတော်ငွေကျပ် ၇၇သိန်းကို ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဂေါပကဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကြွရောက်လာကြသော ဧည့်ပရိသတ်များက ပျဉ်းမနားမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု စည်ပင်သာယာကျောင်းတိုက် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တကုန္ဒာစက္ကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော်တို့အား ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေ၊ ဌာနအကြီးအကဲများနှင့် ဇနီးတို့က သင်္ကန်း အစရှိသည့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီးနောက် အောင်မြင်မှု အထိမ်းအမှတ်ဖြင့် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ပင်မရေကန်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ လေ့ခွင်းတောင်တော် ရေရရှိရေး ရေစက်၊ ရေကန်၊ ရေပိုက်သွယ်တန်းခြင်းနှင့် ယနေ့လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၈၅ သိန်း နှစ်သောင်းငါးထောင်ဖြစ်ပြီး လေ့ခွင်းတောင်ရေရရှိရေးအတွက် လှူဒါန်းမှုကြောင့် တောင်တော်ရှိ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ ယောဂီများနှင့် ဘုရားဖူးလာ ပြည်သူများအတွက် ၂၄နာရီပတ်လုံး ရေရရှိရေး ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။

အလားတူ ဝန်ကြီးနှင့်ဇနီး၊ဒုတိယဝန်ကြီးနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၏ ဇနီးများ၊ အလှူရှင်များသည် ဇွန် ၂၃ရက်နှင့် ၂၄ရက်က ပျဉ်းမနားမြို့ပေါ်ရှိ သီလရှင်စာသင်တိုက် သုံးတိုက်သို့ သွားရောက်၍ သီလရှင်ဝတ်စုံများ၊ ဆွမ်း၊ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ အပါအဝင် နဝကမ္မ အလှူငွေများ လှူဒါန်းခဲ့သည်။ ထို့အပြင် ဇွန် ၂၄ ရက်က ပျဉ်းမနား ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဘိုးဘွားများအတွက် တစ်နေ့တာ ထမင်းဟင်းလျာများ လှူဒါန်းကျွေးမွေးခဲ့ပြီး အဘိုး၊ အဘွားများအား အားပေးစကားပြောကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနေ့များ၌ လှူဒါန်းပစ္စည်းငွေ စုစုပေါင်းတန်ဖိုးမှာ ကျပ်ကိုးသိန်းလေးသောင်း ခုနစ်ထောင်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း မိတ္ထီလာရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများကို ကြည့်ရှုစစ်ဆေး ပညာရည်မြင့်မားရေးလုပ်ငန်းများ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဇွန် ၂၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၄ရက် နံနက် ၉နာရီတွင် မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်ဦးလှသိန်းက တက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပါမောက္ခ၊ ဌာနမှူးများက အဝေးသင်တက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများ၏ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ရန်များကို မှာကြားပြီး ရူပဗေဒ၊ ဓာတုဗေဒ လက်တွေ့စမ်းသပ်ခန်းများတွင် အဝေးသင်တက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများ၏ လက်တွေ့လုပ်ဆောင်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာပညာရေးကောလိပ်သို့ ရောက်ရှိကြရာ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခင်စန်းမြင့်က ကောလိပ်၏ စီမံခန့်ခွဲရေးနှင့် ဖွင့်လှစ်ပို့ချလျက်ရှိသော သင်တန်းများ၏ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဘာသာရပ်အလိုက် ဆရာ၊ ဆရာမများ ပြည့်စုံလုံလောက်မှုနှင့် သိပ္ပံလက်တွေ့စမ်းသပ်ခန်းများတွင် လက်တွေ့လေ့ကျင့် သင်ကြားနိုင်မှုတို့အပေါ် လိုအပ်သည်များ မှာကြားပြီး လက်တွေ့စမ်းသပ်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး မန္တလေးတိုင်း တိုင်းပညာရေးမှူး၊ မိတ္ထီလာမြို့ မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ ပညာရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ပညာရေးမှူး ဦးထွန်းရီက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လုပ်ငန်းလမ်းညွှန်ချက် ငါးရပ်နှင့်အညီ ပညာရည်မြင့်မားရေးလုပ်ငန်းများကို ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများက အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိလာရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းလွင်က သင်တန်းဖွင့်လှစ်နိုင်မှု၊ ဘာသာရပ်အလိုက် သုတေသနလုပ်ငန်း ဆောင်ရွက်မှုနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်း ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြပြီး ပါမောက္ခ၊ ဌာနမှူးများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ကျောင်းစစ်ဆေးရေးနှင့် သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး ဘာသာရပ်ဌာနအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဇွန် ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General, Lin Tinggui ဦးဆောင်သော အဖွဲ့ဝင် ခုနစ်ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဇွန် ၂၆ရက်ည ၇နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော အဖွဲ့ဝင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Senior Colonel Fan Lianfeng နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General, Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် တပ်မတော် အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ငါးမျိုးစုံ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များနှင့် သမဝါယမနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များသို့လည်းကောင်း၊ သာကေတမြို့နယ် ရှုခင်းသာ အခွန်လွတ်ဈေးရှေ့၌ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းသီးပွင့်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်များအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား သန့်ရှင်းလတ်ဆတ်သည့် အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပထက် ဈေးနှုန်းသက်သာစွာ ရောင်းချရေး၊ အခွန်လွတ်ဈေး ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေတို့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့်အဖွဲ့သည် ယမန်နေ့ညနေ ၄နာရီခွဲ တွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ ညပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့် အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အရွယ်မရောက်သူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂဒုတိယ အတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရောဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၆ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်း လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး မန္တလေးဘက်ကမ်းမှ ဧရာဝတီတံတား(ရတနာပုံ)ပေါ်သို့ မော်တော်ယာဉ်များဖြင့် တက်ရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာများက ဝန်ကြီးအား လေဒဏ်ထိန်းချုပ်တန်းများ တပ်ဆင်နေမှုကို ရှင်းလင်းတင်ပြကြသည်။

သတ်မှတ်ချိန်အမီ

ယင်းနောက် ဝန်ကြီးက ကျန်ရှိသည့် လုပ်ငန်းများကို သတ်မှတ်ချိန်အမီ စီမံချက်အတိုင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ယခုအခါ တံတားကြီး၏ အချောသပ်လုပ်ငန်းများ၊ ပင်မခုံးတံတား ထိန်းသံပေါင် (Suspender)များကို အားဖြည့်သည့် လေဒဏ်ထိန်းချုပ်တန်းများ တပ်ဆင်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်း လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှိုင်မြို့နယ် ဗဟိုလမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

❍ ပထမအကြိမ်မှ

ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘောလုံးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲကို အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

အလုပ်သမားဝန်ကြီးဌာန — တစ်ဂိုး

ထွန်းနိုင်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — ဂိုးမရှိ

ဒိုင်လူကြီး — ဦးလှမင်း(အဖွဲ့ချုပ်)

အလားတူ ညနေ ၄ နာရီတွင် လယ်ဝေးမြို့နယ် အားကစားကွင်း၌ အုပ်စု(ဆ)မှ ပညာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနဘောလုံးအသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားရာ ယင်းပြိုင်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်အားပေးသည်။

ပညာရေးဝန်ကြီးဌာန — လေးဂိုး

နေမျိုးဇော်(နှစ်ဂိုး)၊ နေမျိုးအောင်(တစ်ဂိုး)၊ အောင်ကျော်သန်း(တစ်ဂိုး)

ယဉ်ကျေးမှုဝန်ကြီးဌာန — ဂိုးမရှိ

ဒိုင်လူကြီး — ဦးတင်ဝင်း(အဖွဲ့ချုပ်)

ဇွန် ၂၈ ရက်တွင် ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ (နံနက်ပိုင်း)(ဆ)အုပ်စုမှ စီမံစီးပွားနှင့် တရားရုံးချုပ်။

ညနေပိုင်း ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်း၊ လယ်ဝေးမြို့နယ် အားကစားကွင်း၌ စက်မှု(၁)ဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စက်မှု(၂)ဝန်ကြီးဌာနဘောလုံးအသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမအဆင့် အုပ်စုပြိုင်ပွဲများကို ဇူလိုင် ၁၅ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ (၁၀၇–ကြေးမုံ)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့ သန့်ရှင်းလှပရေးဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က လူအား၊စက်ယန္တရားအားတို့ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ရန်ကင်းမြို့နယ် ဗဟိုဘဏ်အဆောက်အအုံရှေ့ စက်မှု(၁)လမ်း ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် စက်ယန္တရားဖြင့် ပြုပြင်ထိန်းသိမ်းနေမှုနှင့် ပညာဝတီလမ်းပြုပြင်ရန် ဆောင်ရွက်လျက်ရှိသောလုပ်ငန်း၊ ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်အတွင်း ဗဟိုလမ်း ဝဲ/ယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဗဟိုလမ်း ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် လူအား၊ စက်ယန္တရားအားတို့ဖြင့် ပြုပြင်ထိန်းသိမ်းနေမှု၊ လှိုင်မြို့နယ် ဗဟိုလမ်းနှင့် ပါရမီလမ်းဆုံအနီး ပါရမီလမ်း ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် စက်ယန္တရားဖြင့် ပြုပြင်ထိန်းသိမ်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများ ပြီးစီးရန် လုပ်ဆောင်ရေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ်(၁)ရပ်ကွက်သို့ ရိုးကြီးချောင်းနှင့် ချောင်းအတွင်းသို့ စီးဝင်သည့် ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် စက်ယန္တရားဖြင့် နုန်းများဆယ်ယူရှင်းလင်းနေမှု၊ အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း မိုးရာသီတွင် ရေဝပ်မှုမရှိစေရေးအတွက် မြေသားဖို့ဆောင်ရွက်နေမှုနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် တိုးချဲ့ဖောက်လုပ်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၆–၂၀၀၇ (ကြာသပတေးနေ့)

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း(၁၄)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၂၀ ၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၄:၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၀၀ ၆။ **"သစ်ကောင်းတစ်ပင်" (နဒီစိုး၊ပြည့်စုံသျှင်၊ ကျော်မျိုးဟိန်း၊မိုးယံထက်၊ မောင်ဂဠုန်) (ဒါရိုက်တာ–မိုးထက်လူ–သစ်တော)**
- ၅:၁၀ ၇။ တေးဂီတအစီအစဉ်
- ၅:၂၀ ၈။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၀ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၅:၄၅ ၁၀။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ(အပိုင်း–၂)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သီရိဂေဟာ
- ၆:၅၅ ၁၄။ Discovery
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်သန်းသောအသည်းနှလုံး" (အပိုင်း–၁၄)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး" (အပိုင်း–၁၅)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

မြို့ပြနှင့်ကျေးလက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ကျေးလက် လမ်းတံတားများ တိုးတက်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၂၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြို့များသာယာလှပ စိမ်းလန်းစိုပြည်မှုရှိရေးအတွက် ညွှန်ကြားထားသော အချက် ၁၆ ချက်နှင့်အညီ ဆောင်ရွက်ရေး၊ မြို့ပြနှင့် ကျေးလက် ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကျေးလက်လမ်း၊ တံတားများ တိုးတက်ဆောင်ရွက်ရေး၊ မြို့ပြ ရေပေးဝေရေးလုပ်ငန်းများပြင်ဆင်တိုးချဲ့ဆောင်ရွက်ရေး၊ အောင်မြင်မှုရရှိသော ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆက်လက်ကြိုးစားဆောင်ရွက်ရေး၊ ခရိုင်ချင်းဆက်လမ်းများ သတ်မှတ်ကာလတွင် စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ပြီးစီးရေး၊ ကျေးလက်နေ ပြည်သူများအတွက် ဒေသနှင့် ကိုက်ညီပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ကျေးလက်အိမ်ရာများ တည်ဆောက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များမှရရှိသည့် ကြက်ဆူဆီများကိုလည်း ဘိုင်အိုဒီဇယ်အဖြစ် ဆက်စပ်လုပ်ငန်းများတွင် သုတေသနပြုစမ်းသပ်သုံးစွဲရေးနှင့် ပြည်သူနှင့်တစ်သားတည်းဖြစ်ပြီး ပြည်သူများ ယုံကြည်ကိုးစားရသည့် ဝန်ထမ်းကောင်းများအဖြစ် ကြိုးစားဆောင်ရွက်ရေး စသည်ဖြင့် မှာကြားသည်။

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၆-၂၀၀၇ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်၊တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာအပေါ် သုံးသပ်၍ ကဏ္ဍကြီးငါးရပ်ခွဲခြားပြီးစည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်ကဏ္ဍများကိုသက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)၊ ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ပြည်ပနိုင်ငံများသို့ အလုပ်ရုံ ဆွေးနွေးပွဲ သင်တန်း တက်ရောက်ခဲ့သူများအနက် ဆင်းရဲချို့တဲ့မှုတိုက်ဖျက်ရေးစာတမ်းကို ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးအောင်ကလည်းကောင်း၊ အာရှနိုင်ငံများအတွက် မြို့ပြနှင့်ဒေသဆိုင်ရာစီမံခန့်ခွဲမှုစာတမ်းကို ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးမန်းကလည်းကောင်း၊ ကျေးလက်ဒေသအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းစာတမ်းကို ဒုတိယညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးမြင့်ဇော်သန်းက လည်းကောင်း၊ အနေးသဲရေစစ်ကန်သုံး ရေသန့်စင်မှုစနစ်တစ်ခုကို ပြန်လည်အသုံးချနိုင်ရန် မွမ်းမံပြုပြင်ခြင်းစာတမ်းကို ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးခင်မောင်ဌေးကလည်းကောင်း၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သူအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်စာတမ်းကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းလွင်က လည်းကောင်း၊ မြေအောက် ရေစီမံခန့်ခွဲမှု ပြုပြင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာစစ်ဆေးရေးခရီးစဉ်တက်ရောက်ခဲ့မှုစာတမ်းကို ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးစိုးကိုကိုက လည်းကောင်း ဖတ်ကြားတင်သွင်းပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် တာဝန်ရှိသူများက ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၅ ရက်နံနက်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ရှေ့လုပ်ငန်းစဉ် (၁၂)ရပ်ကိုတင်သွင်းရာ အစည်းအဝေးမှ အတည်ပြုသည်။

ထို့နောက်ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၇၀ တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန်ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းတော်ကြီးအတွက် တာမွေမြို့နယ် ကျောက်မြောင်း သတိပဋ္ဌာန်လမ်းနေ ဗိုလ်မှူးကျော်ဝင်းအားရည်စူး၍ ဒေါ်တင်ရီ၊သား၊ သမီးမြေးတစ်စုတို့က ငွေကျပ် ၅၂၀၀၀၀ ကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ်အမှတ်(၆)ရပ်ကွက်ရွှေရတနာလမ်းနေ ဦးကိုကို-ဒေါ်ခင်နွဲ့နွဲ့မိသားစုတို့က အလှူငွေကျပ် ၂၁၀၀၀၀လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချိုနှင့် ဦးထွန်းတို့ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ရောဝတီတံတား(မကွေး) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇွန် ၂၇

ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့်(၂)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားသည်။

ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ သွားလာရန် ရေလမ်းကြောင်းကို ဇွန် ၉ ရက်မှစ၍ မကွေးဘက်တွင် အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှ ပြောင်းလဲသတ်မှတ်ထားပြီး အစုန်လမ်းကို လက်ရှိလမ်းကြောင်းအတိုင်း ရေလယ်တိုင် အမှတ်(၂) နှင့် (၃) အကြားမှပင် ဆက်လက် သတ်မှတ်ပေးထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်း ဖြတ်သန်းကြရန် အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး အတွက် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် တောင်ကြီးမြို့ အရှေ့မြို့ပတ်လမ်း (တောင်ကြီးတက္ကသိုလ်အနီး) ဘေးဝဲ/ယာ၌ ချုံနွယ်များ၊ မြက်များကို သန့်ရှင်းရေးဌာနစိတ်မှ ဦးမျိုးလွင် ဒု-ဦးစီးမှူး (သန့်) ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများရှင်းလင်းလျက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်း ကြပ်မတ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅:၃၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၅:၃၅** ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၅၀** ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပဲပေါင်းမုန့် (အပိုင်း-၆)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သစ္စာကြီးမား(သား)ပေါင်ချိန် (အပိုင်း-၁)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

အရိုးရောဂါကုဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်းပွဲ ကျင်းပ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၂၇

ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီးဝင်းအတွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်ချီးမြှင့်ပြီး ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များအား ဆေးရုံအုပ်ကြီးဒေါက်တာညွှန့်လိုင်က ဆေးရုံကြီး၏ဖွဲ့စည်းပုံကိုရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် သက်မှတ်သည့်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးပေးကြကာ ဆေးရုံကြီးဝင်း အတွင်း၊ အပြင် တစ်လျှောက် ရန်ကုန်အနောက်ပိုင်းခရိုင်၁၃မြို့နယ်မှ လူမှုရေးအသင်းအဖွဲ့ဝင်များ တပျော်တပါး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးပဒေသာပင်လှူဒါန်းပွဲကို ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်မိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(အငြိမ်းစား)- ဇနီး ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး) မြတ်လေးရုံမိသားစုက ငွေကျပ်တစ်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ၊ မြို့နယ်အသီးသီးမှ ဆေးခန်းများ၊ သီရိမင်္ဂလာဈေး၊ ကြည့်မြင်တိုင်ညဈေး သာယာရေးအဖွဲ့နှင့် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၅၅၇၂၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်၊ အရိုးအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာညွှန့်လိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အရိုးရောဂါအထူးကုဆေးရုံကြီးအတွက် လှူဒါန်းငွေကျပ်နှစ်သိန်းကိုတာဝန်ရှိသူများကပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

ရွှေဘိုနှင့်မုံရွာမြို့ဆက်သွယ်သည့် ဘောင်းကျ-အရာတော်လမ်း အဆင့်မြှင့်

ရန်ကုန် ဇွန် ၂၇

ရွှေဘိုမြို့နှင့် မုံရွာမြို့သို့ဆက်သွယ်သည့် ရွှေဘို-မုံရွာ ခရိုင်ချင်းဆက်လမ်း(အရာတော်မြို့နယ်အပိုင်း) ဘောင်းကျ-အရာတော်လမ်းကို မြေသားလမ်းတာပေါင်တင်၍ အဆင့်မြှင့်ခြင်း၊ ချောင်းများတွင် ရေကျော် ဆောက်လုပ်ခြင်းလုပ်ငန်းများကို မြေကော်စက်နှစ်စီးဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးသိန်းမင်း ကွင်းဆင်းစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်က ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ အဆိုပါ လမ်းတွင် ကျေးလက်လမ်းတစ်မိုင်၊ မြေလမ်းရှစ်မိုင်ရှိပြီး ပြုပြင်ပြီးပါက ယခင်ကထက် ခရီးတာ ၁၃ မိုင်လျော့နည်းသွားမည်ဖြစ်၍ ဒေသနေပြည်သူများ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ပထမနေ့ပွဲစဉ်များ စတင်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲတွင် အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း (အင်းလျားကန်)၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အသင်း၁၃သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်းလှေလှော်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် အသင်းအား တံခွန်စိုက်ဒိုင်းဆုကိုကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်ကပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း ရုံသုံးရုံတွင် ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဇွန် ၂၇

ယခုသောကြာပတ် ဇွန် ၂၉ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံမဝင်ဘဲ ပြသဆဲ **ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း** ဇာတ်ကား တစ်ကားသာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသသွားမည်ဖြစ်သည်။

လိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှဒါရိုက်တာ မီးပွားရိုက်ကူးသည့် **ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း** ဇာတ်ကားမှာ မိန်းကလေးတန်မဲ့ အစအနောက် သန်သည့်နေရာတွင် တစ်ပါးသူမဆိုထားနှင့် မိမိ၏ချစ်သူကိုပင် မချန်ဘဲ ကြံကြံဖန်ဖန်ကျီစယ် နောက်ပြောင်တတ်သည့် မိန်းမပျိုတစ်ဦး၏အကြောင်းကို ဟာသရောစွက်၍ ရိုက်ကူးထားသည့် ထူးထူးခြားခြား ဇာတ်ကားတစ်ကားဖြစ်သည်။ လွင်မိုး၊ ခန့်စည်သူ၊ နန္ဒာလှိုင်နှင့် ပုလဲဝင်းတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံတွင် ဒါရိုက်တာ Antonine Fuqua ရိုက်ကူးသည့် SHOOTERဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာ အမေရိကန်မရိန်းတပ်ဖွဲ့မှ လက်ဖြောင့်သေနတ်သမားတစ်ဦး၏ ဘဝကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် စွန့်စားမှုအသားပေး သည်းထိတ်ရင်ဖို ဇာတ်ကြမ်းကားဖြစ်သည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ San Ran ရိုက်ကူးသည့် ပင့်ကူလူသားဇာတ်လမ်းမှ ဇာတ်ကားသစ်တစ်ကားဖြစ်သော Spider Man-3 ဇာတ်ကား ဆက်လက်ပြသသွားမည်ဖြစ်သည်။ (ကြေးမုံ)

ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း ဇာတ်ကားမှ လွင်မိုးနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ဟန်။

ဥတုရာသီ တောကိုမှီ၍

ကျန်းမာရေးစစ်ဆေး ပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်အမှတ်(၂) ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံသို့ အလုပ်သမားဆေးရုံ (တီဘီ)မှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးထင်ကျော် ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၀ဦး ပါဝင်သော လူမှုဖူလုံရေးမှ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ပညာပေး ဆွေးနွေးခြင်းများကို ဇွန် ၂၇ ရက်က ပြုလုပ်ရာ စက်ရုံမှ လူမှုဖူလုံရေးအဖွဲ့ဝင် ဝန်ထမ်း ၇၄ ဦး ကျန်းမာရေး စစ်ဆေးကုသမှုများ ခံယူခဲ့ပြီး ပညာပေးဆွေးနွေးပွဲသို့ စက်ရုံမှူး ဒေါ်သန်းဌေးနှင့်ဝန် ထမ်းများအားလုံး တက်ရောက်ကြသည်။**(အပေါ်ပုံ)**

(က-ပ)

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံတော်တူစေတီတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၇

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံတော်တူ ကမ္ဘာ့ဝိပဿနာလိုဏ်ဂူ စေတီတော်ကြီး အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြပါရန် သက်ဆိုင်ရာက ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ရတနာပုံလမ်းနေ နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးရန်ကြီးအောင်-ဒေါ်ခင်ဖုန်းနွဲ့၊ သား မောင်ကျော်ဇေယျ မိသားစုတို့က အဘိဓမ္မာပိဋကဝင် ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် ကြေးပြား ငါးချပ်၊ အလှူငွေကျပ် ၁၂၅၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ)ထံလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

(က-ပ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ခေါ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒေါက်တာ ဦးမြသောင်း(ပြည်နယ်ဆေးရုံအုပ်ကြီး-ငြိမ်း)-ဒေါ်ညိုညိုဝင်းတို့၏သား

မောင်မြသူရ B.E (Civil)

ဦးစီးအရာရှိ(မြို့ပြ) DHPI

နှင့်

ရွှေတောင်မြို့နေ ဦးအောင်စိုး-ဒေါ်ခင်ခင်အေးတို့၏သမီး

ဒေါက်တာမီမီစိုး

M.B.,B.S(Ygn:) 1st Year M.Med.Sc(Radiology)

မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး

တို့သည် ၉-၆-၂၀၀၇ရက်နေ့တွင် ရွှေတောင်မြို့၌နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် ခေါ်စပ် ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြသူရ-ဒေါက်တာမီမီစိုး

အမည်ပြောင်းခြင်း

အဖ ဦးကြည်သိန်း၏ သား သိန်းလင်းထက်အား Henry Lin Htet ဟု ပြောင်းလဲခေါ်ပါရန်။

Henry Lin Htet

ကျေးဇူးဆပ်ပါမည်

ကျွန်တော် နီကာအောင် [၁၂/ပဇတ(နိုင်)၀၀၉၀၃၈] CDC No. 26420 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ **အမှတ် ၁၇၊ဦးဝိစ္စာလမ်း၊ပုဇွန်တောင်မြို့နယ်**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အောင်မိုး၏ နိုင်ငံကူး လက်မှတ် အမှတ်-၉၆၆၉၈၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၅၀၁၅၈၆၄

ကျေးဇူးဆပ်ပါမည်

ကျွန်မ မိုးသီတာကျော်၏ နိုင်ငံကူး လက်မှတ် အမှတ်-၆၃၆၉၃၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၅၀၁၅၈၆၄**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စောသိန်းနိုင်၏ သင်္ဘောသားလက်မှတ် COC (3/E 4038)မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၄၀၅၂၁

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်အကူသင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး၊ ဆေးဝါးကျွမ်းကျင် ပညာရှင်များဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။ သက်သာမှန်ကန်သောနှုန်းထားသာ ယူသည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေးကူညီမည်။ အလုပ်အကိုင်ရရှိရေးကူညီမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ တစ်ယောက် ထိုင်ခုံနှင့် သန့်ရှင်းသောသင်တန်းခန်းများ၊ ဘော်ဒါဆောင်ရှိသည်။ လူဦးရေ ကန့်သတ်ထားသည်။ ကြိုတင်စာရင်းသွင်းပါ။

"အောင်"ပြီး "ချမ်းမြေ့"မှုတွေကို အပြည့်အဝရရှိဖို့ "အောင်ချမ်းမြေ့"မှာ သင်တန်းတက်ကြစို့

* အပတ်စဉ်(၁၂၅) နှစ်လအပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင် အကူ/သူနာပြုအကူသင်တန်း
  ၃-၇-၂၀၀၇စမည်။ (အင်္ဂါ၊ဗုဒ္ဓဟူး)(ကျန်ရက်များ ပိတ်ရက်)
  ၅-၇-၂၀၀၇စမည်။ (ကြာသပတေး၊ သောကြာ) (ကျန်ရက်များ ပိတ်ရက်)
  Section(1) AM 08:00 to 11:30(၁၅)ဦး
  Section(2) AM 09:00 to 12:30(၁၅)ဦး
  Section(3) PM 12:30 to 04:00 (၁၅)ဦး
* အပတ်စဉ်(၁၂၆) နှစ်လအပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်အကူ/သူနာပြုအကူသင်တန်း
  ၇-၇-၂၀၀၇ စမည်။ စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)
  Section(1) AM 08:00 to 11:30(၁၅)ဦး
  Section(2) PM 12:30 to 04:00 (၁၅)ဦး
* အပတ်စဉ်(၁၂၇) သုံးလသင်တန်း။ ဆေးဝါးကျွမ်းကျင်အကူ/သူနာပြု အကူသင်တန်း
  ၈-၇-၂၀၀၇ စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)
  Section(1) AM 08:00 to 12:30(၁၅)ဦး
  Section(2) PM 12:30 to 05:00 (၁၅)ဦး
* အပတ်စဉ်(၁၂၈) တစ်လအပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်အကူ/သူနာပြုအကူသင်တန်း
  ၉-၇-၂၀၀၇ စမည်။ တနင်္လာမှ သောကြာ နေ့စဉ် (မှတ်ချက်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်)
  Section(1) AM 08;00 to 11;30(၁၅)ဦး
  Section(2) AM 09;00 to 12;30(၁၅)ဦး
  Section(3) PM 12;30 to 04;00 (၁၅)ဦး

အမှတ်-၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းဗိုး ရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဂမုန်းပွင့်ကုန်တိုက်အနီး။
ဖုန်း-၀၉-၅၁၃၄၆၀၅၇၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃
(am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

မှတ်ချက်။ ။အထက်ပါသင်တန်းတည်ရှိရာနေရာမှလွဲ၍ မည်သည့်နေရာ ဒေသတွင်မှ "အောင်ချမ်းမြေ့"ဟူသော အမည်ဖြင့် ရုံးခွဲများ၊ သင်တန်းကျောင်းခွဲများ ဖွင့်လှစ်ထားရှိခြင်းမရှိပါ။ ၎င်းအပြင် မည်သည့်သင်တန်းကျောင်း၏ လက်အောက်ခံ သင်တန်းကျောင်းမဟုတ်ပါ။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် F.M.I City ရွှေနှင်းဆီ(၂)လမ်း နေ ဒေါ်အုန်းမြ၊ ဒေါ်အုန်းသွယ်၊ ခင်ပွန်း(ဦးသန်းမောင်)(သစ်လုပ်ငန်း)တို့အား ရည်စူး၍ ဒေါ်စိန်စိန်နွဲ့၏မွေးနေ့ အထိမ်းအမှတ် သားဖြစ်သူ ဒေါက်တာကျော်စိုးဝင်း မမျိုးသီတာအောင်(မြေး) မသိမ့်ဟေသီစိုး၊ မောင်လင်းခန့်ကျော်တို့က သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြန်မာနိုင်ငံစာတပ်ပုံအသင်း မိုးရာသီဈေးရောင်းပွဲ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံစာတပ်ပုံအသင်း၏ မိုးရာသီဈေးရောင်းပွဲတော်ကို ဇူလိုင် ၂ရက်နှင့် ၃ရက်တို့တွင် နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ မြန်မာနိုင်ငံစာတပ်ပုံအသင်းခန်းမ အမှတ် ၂၇/၂၉၊ ၃၅လမ်း (အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၁၆၇တွင် ကျင်းပမည် ဖြစ်သည်။ ဈေးရောင်းပွဲတော်တွင် ကင်နွန်၊ နီကွန်၊ ဒီကော်နာ၊ ရှိုင်ယယ်နှင့်ဆိုနီကင်မရာများ၊ ဆက်စပ်ပစ္စည်းများကို အထူးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ (စာတပ်ပုံအသင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၀၇ (ကြာသပတေးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
- ၇း၀၅ ဒါနနဲ့ပဲကျေနပ်နေကြမှာလားတရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၇း၅၀ ထူးမြတ်တင့်ဆန်းကြာသက်န်း
- ၈း၁၀ တေးဂီတအစီအစဉ်
- ၈း၁၅ ပြည်တွင်းအနုပညာရေးရာ
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၄၅ ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော "အပါယ်ပိတ်တရား" (အပိုင်း-၃) အပါယ်သို့ကျရောက်ပုံ
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၅ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၉း၂၅ တေးဂီတအစီအစဉ်
- ၉း၃၀ ဆီးချို၊သွေးချို ရောဂါဆိုင်ရာ ဆွေးနွေးမေးမြန်းခန်း (ဒုတိယပိုင်း)ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်
- ၉း၅၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ သွားမယ်၊စားမယ် (Swe Thai Restaurant)
- ၁၀း၂၅ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၀း၃၀ သစ်ရွက်ဆွေး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း၊ ဒါရိုက်တာဖုန်းမြင့်အောင်)
- ၁၀း၃၅ တစ်ကိုယ်တော် တေးစုကဏ္ဍ(ဂရေဟမ်)
- ၁၁း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၁၀ တေးဂီတအစီအစဉ်
- ၁၁း၁၅ ကျန်းမာရေးကဏ္ဍ (လေဖြတ်လူနာပြုစုခြင်း သိကောင်းစရာများ) (ဦးနှောက်နှင့်အာရုံကြော အထူးကုသမားတော် ဒေါက်တာသန့်ဇင်စိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁း၄၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၅၀ တေးဂီတအစီအစဉ်
- ၁၁း၅၅ ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
- ၁၂း၀၅ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၂း၁၀ ပန်းတစ်ပွင့်တောင်မှ ကြည်ညိုဖွယ်ရာများ
- ၁၂း၃၅ တေးဂီတအစီအစဉ်
- ၁၂း၄၀ ကုသိုလ်ပါရမီခိုင်မြဲဖို့ ကြေးပိဋကတ်လှူဒါန်းစို့
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 **အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** UHF **တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ဒု-လက်ထောက်အင်ဂျင်နီယာရာထူးဖြေဆိုအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ခေါ်ယူထားသော ဒု-လက်ထောက်အင်ဂျင်နီယာရာထူးများတွင် ခန့်ထားရန်အတွက် လူတွေ့စစ်ဆေးမှု အောင်မြင်သော အောက်ဖော်ပြပါ ခုံအမှတ်များဖြင့် ဖြေဆိုခဲ့သူများသည် သတ်မှတ်အချိန်ဇယားအတိုင်း လာရောက်သတင်းပို့ရန် အသိပေးကြေညာအပ်ပါသည်။

သတင်းပို့ရမည့်နေ့ရက် -၉-၇-၂၀၀၇ရက် (တနင်္လာနေ့) နောက်ဆုံးထား သတင်းပို့ရန်
သတင်းပို့ရန်အချိန် -(၀၉း၃၀)နာရီမှ (၁၆း၀၀) နာရီထိ
သတင်းပို့ရမည့်နေရာ -ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အုပ်ချုပ်ရေးဌာန၊အမှတ်(၁၉၇/၁၉၉)၊ ကြည့်မြင်တိုင်အောက်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ယူဆောင်လာရမည့်အချက်များ -(က)ပတ်စပို့အရွယ် ဓာတ်ပုံ(၁၀)ပုံ (၁လ အတွင်း ရိုက်ကူးထားသောဓာတ်ပုံဖြစ်ရမည်)
(ခ) အောင်လက်မှတ်မူရင်း၊အမှတ်စာရင်းမှတ်ပုံတင်၊ ဝန်ထမ်းကတ်
(ဂ)လေဘာမူရင်း(နောက်ဆုံးအခြေအနေ)
(ဃ)ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ လက်လွှတ်စာကို တစ်ပါတည်း ယူဆောင်လာရမည်။

ဒု-လက်ထောက်အင်ဂျင်နီယာရာထူးဖြေဆိုအောင်မြင်သူများစာရင်း

1YE – ၆၊၁၁၊၂၁၊၂၃၊၂၄၊၃၉၊၄၀၊၄၁၊၄၃၊၄၄၊၄၆၊၄၇၊၄၈၊၅၀၊၅၂၊ ၅၃၊၅၇၊၆၁၊၆၇၊ ၆၈၊၇၃၊၇၄၊၇၆၊၈၃၊၈၄၊၉၆၊၉၇၊၁၀၄၊၁၀၈၊ ၁၁၃၊၁၁၄၊၁၁၅၊၁၁၆၊၁၁၇၊ ၁၂၄၊ ၁၂၆၊၁၂၈၊၁၃၃၊ ၁၅၀၊၁၅၅၊၁၇၃၊၁၇၆၊၂၁၆၊ ၂၂၀၊၂၃၃၊၂၃၈၊ ၂၃၉၊၂၅၉၊ ၂၈၁၊၃၁၁၊ ၃၁၂၊၃၁၃၊
2YE – ၃၊၄၊၅၊၁၃၊၁၅၊၁၆၊၂၀၊၂၆၊၂၇၊၃၀၊၃၃၊၃၄၊၃၅၊၃၆၊၃၉၊၄၈၊၅၂၊၆၂၊၇၂၊ ၉၈၊၁၀၉၊ ၁၁၄၊၁၁၅၊၁၁၉၊၁၂၆၊၁၃၉၊၁၄၉၊၁၇၃၊၂၂၅၊၂၅၉၊
1YM – ၇၊၃၁၊၃၅၊၄၂၊၄၅၊၆၆၊၇၃၊
2YM – ၂၊၁၄၊၁၈၊၂၂၊၂၅၊
1YEC – ၃၊၇၊၉၊
1YC – ၈၊၁၂၊၂၄

အမြန်ရောင်းမည်

ဈေး၊ ကျောင်းနှင့်နီးသည်။ အဝီစိတွင်း၊ မီတာပါ၊ ပျဉ်ထောင် နှစ်ထပ် ၁၁ပေခွဲ၊ ပေ ၄၀၊ သိန်း ၁၅၀၊ ဈေးညှိနှိုင်းနိုင်သည်။ ၃(ခ) မယ်စီကုန်းလမ်း၊(၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ယခင်လက်ဖက်ရည်ဆိုင်)

ဆက်သွယ်ရန်-၆၄၃၇၀၅

မြေကွက်ရောင်းမည်

Ph: 579191, 372660

သုဝဏ္ဏတံတားအနီး၊ အဆင့်မြင့်အိမ်ရာ (ပေ၁၀၀xပေ၁၅၀၊) ဂရန်မြေ၊ ရေ၊ မီး၊ ဖုန်း၊ မြေဖို့ အုတ်ကာ၊ ဆူးကြိုးကာ၊ ဂိတ်တံခါးတပ်၊ ဆေးသုတ်ပြီး၊ **တစ်ပေပတ်လည် ကိုးထောင်ကျပ်**

MBTCမုန့်ဖုတ်နည်းပညာနှင့်မုန့်အလှဆင်နည်းပညာသင်တန်းကျောင်း၏ သင်တန်းသစ်များကို ၂၀၀၇ဇူလိုင်လ၂၀ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။

တက်ရောက်လိုသူများကြိုတင်စာရင်းပေးသွင်းနိုင်ပြီ။

ဆက်သွယ်ရန်-
Myanmar Baking Training Centre
၁၆၆၊ လေးဒေါင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၁-၅၇၃၈၅၂၊ ၀၁-၅၆၅၆၄၉၊ ၀၉-၅၀-၁၉၄၂၈၊ ၀၉-၅၀-၂၃၀၉၃

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၆-၂၀၀၇ ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)ပါ မြို့နယ်တရားသူကြီး မြို့နယ်တရားရုံး၊ မြိတ်မြို့၏ ငြင်းချက်ထုတ်ရန် သမ္မန်စာ(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅) မြိတ်မြို့နယ်တရားရုံး၌ ၂၀၀၇ခုနှစ် တရားမကြီးအမှုအမှတ်(၁၀)တွင် ရုံးချိန်းရက်အား ၂၀၀၇ခုနှစ် ဇူလိုင်လ ၆ရက် (၁၃၆၉ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ရက်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

လှဝင်း(တ/၂၁၆၆)
မြို့နယ်တရားသူကြီး
မြိတ်မြို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဝင်းနိုင်ဦး၏ နိုင်ငံသားကတ် [၉/မဟမ(နိုင်)၀၁၈၆၂၇]နှင့် မန္တလေး အိမ်ထောင်စုစာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၃၇၀၈၅၆၊ ၀၉ ၅၀၀၀၂၅၈၊ ၀၉ ၉၀၄၁၆၀၆
လိပ်စာ-အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်(၁၃၂)၊
ကန်မြောက်ရပ်ကွက်၊ ရန်ကုန်မြို့

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လုပ်ငန်းခွင် အကြိုသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၇

မျိုးဆက်သစ် အင်ဂျင်နီယာများလုပ်ငန်းခွင်သို့ဝင်ရောက်ရာတွင် အဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သင်တန်း ဗဟိုဌာန သင်တန်းအဖွဲ့(၂)မှ ကြီးမှူး၍ Orientation Course on Engineering Management for Junior Engineers သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ (လှိုင်နယ်မြေ)၌ ဇူလိုင် ၂၁ရက်တွင် စတင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်တန်းကာလမှာ ဇူလိုင် ၂၁ရက်မှ ဩဂုတ် ၁ရက်အထိဖြစ်ပြီး အတွေ့အကြုံရှိသော အင်ဂျင်နီယာကြီးများ၊ ပညာရှင်များ၊ ဆရာ၊ ဆရာမကြီးများက သင်ကြားပေးမည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သင်တန်းဌာန ဖုန်း-၅၁၉၆၇၃-၆၊ လိုင်းခွဲ(၃၀၄)သို့ ဆက်သွယ်စုံစမ်းနိုင် ကြောင်းသိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၁၀)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထိုမှတစ်ဆင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ သာကေတမြို့နယ် မာန်ပြေရပ်ကွက် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ရွှေခင်းသာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ် တပ်ရင်း တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတမြို့နယ် ရွှေခင်းသာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ အမှတ်(၂)လျှပ်စစ်၊ အလုပ်သမားနှင့် ပညာရေးအသင်းတို့ အနိုင်ရရှိ

နေပြည်တော် ဇွန် ၂၇

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

နံနက် ၇ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် (ဓ)အုပ်စုမှ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ပွဲတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ခုနစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ခုနစ်ဂိုး

မြတ်ကိုကို(သုံးဂိုး)၊ ဇော်ဖြိုးမောင်(နှစ်ဂိုး)၊
အောင်သီဟနှင့် အောင်ကိုလတ်(တစ်ဂိုးစီ)

ဆောက်လုပ်ရေးဝန်ကြီးဌာန တစ်ဂိုး

ဝင်းဗိုလ်ဗိုလ်ကျော်

ဒိုင်လူကြီး ဦးမင်းမင်းထွန်း(အဖွဲ့ချုပ်)

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲ (ဓ)အုပ်စုမှ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးတို့၏ဘဝ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ မြန်မာအမျိုးသမီးများ၏ဘဝသည် အနာဂတ် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အင်အားတစ်ရပ်အဖြစ် အခိုင်အမာ ပါဝင်တည်ဆောက်လာကြမည် ဖြစ်သည်။"

သီတာစိုး(စီးပွားရေးတက္ကသိုလ်) ၏ **"အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးမှ နိုင်ငံတည်ဆောက်ရေးသို့"** (ဆောင်းပါး) စာမျက်နှာ–၃

ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (၂၈–၆–၂၀၀၇)

အုပ်စု	အသင်း	အချိန်	အားကစားကွင်း
(ဆ)	စီမံ/စီးပွား–တရားရုံးချုပ်	နံနက် ၇နာရီခွဲ	ပေါင်းလောင်း
(က)	ပို့ဆောင်ရေး–သမဝါယမ	ညနေ ၄ နာရီ	ပေါင်းလောင်း
(က)	စက်မှု(၁)–စက်မှု(၂)	ညနေ ၄ နာရီ	လယ်ဝေး